# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၁၀၇)


## မန္တလေး-မူဆယ်လမ်းပေါ်ရှိ ဂုတ်တွင်းကားလမ်းကို ရှောင်ကွင်း၍ လေးလမ်းသွား ကွန်ကရစ်တံတား အစားထိုးတည်ဆောက်မည်



ဂုတ်တွင်းကားလမ်းကို ကျော်ဖြတ်တည်ဆောက်မည့် ဂုတ်တွင်းကွန်ကရစ်တံတားပုံစံကို တွေ့ရစဉ်

**သတင်းနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်**

**လားရှိုး ဩဂုတ် ၆**

မန္တလေး-လားရှိုး-မူဆယ် ကားလမ်းသည် မြန်မာနိုင်ငံ၏ မြောက်ဘက်တံခါးပေါက်ဖြစ်ပြီး မြန်မာ-အာဆီယံအဖွဲ့ဝင် ပြည်ထောင်စုလမ်းမကြီးလည်းဖြစ်သည်။ မြန်မာ-တရုတ် ကုန်သွယ်ရေးလမ်းကြောင်း၏ တစ်ခုတည်းသော ကုန်းလမ်းဝင်ပေါက်၊ ထွက်ပေါက်ဖြစ်ပြီး မန္တလေးမှ မူဆယ်အထိ ၄၅၃ ကီလိုမီတာရှိသည်။

ထို့ကြောင့် အဆိုပါလမ်းကြောင်း၌ ကုန်တင်ယာဉ်ကြီးများ မောင်းနှင်သွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မူလနှစ်လမ်းသွားမှ လေးလမ်းသွားဖြစ်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ Oriental Highway Company Limited က ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❋

## ဧရာဝတီမြစ်ရေ ဇလွန်မြို့၌ စံချိန်တင်မြင့်တက်

**နေပြည်တော် ဩဂုတ် ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့၌ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ၁၂၇၄ စင်တီမီတာရှိကြောင်း၊ အဆိုပါမြစ်ရေသည် နှစ်ပေါင်း ၃၂ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်ကြောင်း၊ ဇလွန်မြို့၏ ယခင်အမြင့်ဆုံးရေမှတ်မှာ ၂-၈-၂၀၀၄ ရက်နေ့တွင် တိုင်းတာရရှိသော ၁၂၇၂ စင်တီမီတာဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၌ နှစ်ပေခန့်နှင့် ချောက်မြို့၌ တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ပြန်လည်ကျဆင်းနိုင်သည်။

အဆိုပါမြစ်ရေသည် ညောင်ဦးမြို့၌ လေးပေခွဲခန့်၊ မင်းဘူးမြို့၌ လေးပေခန့်၊ မကွေးမြို့၌ သုံးပေခန့်၊ အောင်လံမြို့နှင့် ပြည်မြို့တို့၌ နှစ်ပေခွဲခန့်စီနှင့် ဆိပ်သာမြို့၌ နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ညောင်ဦးမြို့၌ နှစ်ပေခန့်၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့၌ တစ်ပေခွဲခန့်စီ၊ အောင်လံမြို့နှင့် ပြည်မြို့တို့၌ တစ်ပေခန့်စီနှင့် နောက်သုံးရက်အတွင်း ဆိပ်သာမြို့၌

*စာမျက်နှာ ၅ ကော်လံ ၁* ●


**ရီယိုအိုလံပစ်အားကစားပြိုင်ပွဲဖွင့်လှစ်**

စာ - ၁၀

**ထိုင်းရောက် မြန်မာအလုပ်သမား သောင်းနှင့်ချီ ဖမ်းဆီးပြန်ပို့မှုသတင်း မဟုတ်မမှန်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း**

စာ - ၁၃


## ညောင်တုန်း၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်၊ စာသင်ကျောင်းများ ပိတ်ထား

**ညောင်တုန်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ၂၆ ဒသမ ၂၅ ပေသို့ ရောက်ရှိနေပြီး ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက်၊ အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေ အထက် ၂၆ ဒသမ ၃ ပေကျော်အထိ ဩဂုတ် ၆ ရက် ညနေပိုင်းအထိ

*စာမျက်နှာ ၅ ကော်လံ ၅* ❋






မြန်မာ့အလင်း

# (၂၁)ရာစု ပင်လုံညီလာခံနှင့် ဘုံရပ်တည်ချက်များ

ကျင်းပရန်ကြိုးပမ်းစီစဉ်နေသည့် (၂၁) ရာစုပင်လုံညီလာခံသည် အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု၏ အခြေခံမှုများကို ညှိနှိုင်းဆွေးနွေးမည့် ညီလာခံဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၂၁)ရာစု ပင်လုံညီလာခံသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး တက်ရောက်ကြရန် ဦးဆောင်ကြိုးပမ်းနေပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် က 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် မိုင်းလားဒီမိုကရက်တစ်တပ်မတော် (NDAA) တို့ကို နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တပ်မတော်က တအာင်း ပလောင်၊ ကိုးကန့်နှင့် အေအေအဖွဲ့တို့ကို လက်နက်စွန့်မှဆွေးနွေးနိုင်မည်ဟု ယခင်ကပြောကြားထားသော်လည်း ပင်လုံအကြိုပြင်ဆင်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးက မကြာမီရက်ပိုင်းအတွင်း အဆိုပါအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရည်မှန်းချက်နှင့်အညီ (၂၁) ရာစုပင်လုံညီလာခံသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး တက်ရောက်နိုင်မည်ဆိုပါက တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ကြိုဆိုဝမ်းမြောက်ကြမည်ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ လက်တွဲကြိုးပမ်းခဲ့သော ပင်လုံညီလာခံ၏ နိုင်ငံရေးအနှစ်သာရသည် လွတ်လပ်ရေးကို ပြည်ထောင်စုတစ်ခုလုံး လက်တွဲညီညီ ရယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ (၂၁)ရာစု ပင်လုံညီလာခံ၏ နိုင်ငံရေးအနှစ်သာရမှာမူ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို မြန်မာအပါအဝင် တိုင်းရင်းသားလူမျိုးစုအားလုံး လက်တွဲညီညီ ထူထောင်ရန်ဖြစ်ပါသည်။ လက်တွဲညီညီဟူသော ဝေါဟာရကို အပြန်အလှန် အပေးအယူ အလျှော့အတင်းလုပ် ညှိနှိုင်းခြင်းဟု ဖွင့်ဆိုရမည်ဖြစ်ပါသည်။ ညီလာခံဆွေးနွေးရေးနည်းလမ်းတို့၏ နိုင်ငံရေးအနှစ်သာရသည်လည်း အပြန်အလှန် အပေးအယူလုပ်ညှိနှိုင်းခြင်းဖြစ်ပါသည်။ ဤနိုင်ငံရေးအနှစ်သာရ၏ အခြေခံမှုသည် ချမှတ်မည့်ဆုံးဖြတ်ချက်တိုင်းကို ပါဝင်ဆွေးနွေးသူ ပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးက တရားမျှတမှုရှိသည်ဟု ယုံကြည်လက်ခံရေးဖြစ်ပါသည်။

နှစ်ပေါင်း ၆၈ နှစ် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်၏ ဒဏ်ရာဒဏ်ချက်တို့ကြောင့် ပါဝင်ဆွေးနွေးသူပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးက တရားမျှတမှုရှိသည်ဟု ယုံကြည်လက်ခံသောဆုံးဖြတ်ချက်တို့ ညှိနှိုင်းရယူရန် မလွယ်ကူသည်ကို အသိအမှတ်ပြုနားလည်ပါသည်။ သို့သော် သမိုင်းမှတ်တမ်းတင်ရသောဖြစ်ရပ်တို့သည် မလွယ်ကူသော်လည်း သမိုင်းကတောင်းဆိုနေသည့် တာဝန်ဝတ္တရားတို့ကို စွမ်းစွမ်းတမံ လက်တွဲညီညီ စုပေါင်းကြိုးပမ်းဖော်ဆောင်ရာမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ အခက်အခဲ အတားအဆီးတို့ကြောင့် စိတ်ပျက်အားလျှော့ခြင်းတို့ မဖြစ်စေသင့်သည်မှာ ထင်ရှားပါသည်။ အခက်အခဲ အတားအဆီးတို့ကို မရအရဖြတ်ကျော်မည်ဟူသော သန္နိဋ္ဌာန်ကိုသာ ပါဝင်ဆွေးနွေးသူ ပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးက ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားပါက မအောင်မြင်နိုင်စရာအကြောင်းမရှိဟု လေးလေးနက်နက် ယုံကြည်ပါသည်။

ပါဝင်ဆွေးနွေးသူ ပုဂ္ဂိုလ်အဖွဲ့အစည်းတိုင်းက တရားမျှတမှုရှိသည်ဟု ယုံကြည်လက်ခံသော ဆုံးဖြတ်ချက်တို့ အပြန်အလှန် အပေးအယူလုပ်ညှိနှိုင်းနိုင်ရေး၏ အခြေခံနည်းလမ်းသဘောသည် ဘုံရပ်တည်ချက်များကို ရှာဖွေဖော်ထုတ်ရေးဖြစ်ပါသည်။ ကျယ်ပြန့်သော ဘုံရပ်တည်ချက်တို့၏ သဘောသည် ဆုပ်ဆုပ်ကိုင်ကိုင် ထိထိမိမိမရှိဟု ယူဆစရာရှိသော်လည်း ပါဝင်ဆွေးနွေးသူပုဂ္ဂိုလ် အဖွဲ့အစည်းတို့ကြား၌ အပြန်အလှန်နားလည်ယုံကြည်မှုကို ဖန်တီးပေးပါသည်။ ဤအပြန်အလှန် နားလည်ယုံကြည်မှုသည် (၂၁)ရာစု ပင်လုံညီလာခံ၏ လုပ်ငန်းစဉ်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မှုရှိလာစေရန် တွန်းတင်အားဖြည့်ပေးမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျင်းပတော့မည့် (၂၁)ရာစုပင်လုံညီလာခံ၌ ဘုံရပ်တည်ချက်တို့ ဖော်ထုတ်ခြင်းဖြင့် ပြည်ထောင်စုသားတို့ကြား၌ အပြန်အလှန် နားလည်ယုံကြည်မှုတည်ဆောက်ကြရန် လူထုအစိုးရသစ်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ကို လေးလေးနက်နက် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ ။




## ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်

**နေပြည်တော် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ပင်လှိုကျေးရွာအုပ်စု ကျီကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းအား ဩဂုတ် ၁ ရက်မှ စတင်၍ အခြေခံပညာ မူလတန်းကျောင်းအဖြစ်သို့ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်းနှင့် ကျီကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းအုပ်ကြီးတစ်ဦး၊ မူလတန်းပြ လေးဦးနှင့် အထွေထွေလုပ်သားတစ်ဦးကို ခန့်ထားခွင့်ပြုလိုက်ပြီဖြစ်ကြောင်း နေပြည်တော်ရှိ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)မှ သိရသည်။

(ပညာရေး)

**ထင်သာမြင်သာ ပြုပြင်စရာ**

## ငါ့သရောက်မြို့နယ် ခက်လန်းကန်ကျေးရွာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိ



မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ခက်လန်းကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ထန်းရွက်မိုး၊ ထရံကာ ယာယီတဲများဖြင့် ပညာသင်ကြားနေရပြီး အဆိုပါတဲများသည် မိုးရာသီကာလများ၌ စာကို ကောင်းစွာသင်ကြားနိုင်ခြင်းမရှိဘဲ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ခက်လန်းကန်ကျေးရွာမှ ဒေသခံများထံမှ သိရသည်။

ငါ့သရောက်မြို့နယ် ခက်လန်းကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်း၌ သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၈ ဦးခန့် ပညာသင်ကြားလျက်ရှိပြီး ယခင်က နိုင်ငံတော်အစိုးရမှ ဆောက်လုပ်ပေးထားသည့် ကျောင်းဆောင်မှာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနမှ အန္တရာယ်ဆောင်အဖြစ် သတ်မှတ်ကာ မေ ၂ ရက်တွင် ဖျက်သိမ်းမိန့်ဖြင့် ကျောင်းဆောင်ကြီးအား ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ခက်လန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေ ပြည်သူများက ပညာရေးဝန်ကြီးဌာနသို့ ဖျက်သိမ်းခဲ့သည့် ကျောင်းဆောင်အစား ကျောင်းဆောင်သစ်တစ်ဆောင် ထပ်မံဆောက်လုပ်ပေးနိုင်ရေး တင်ပြတောင်းခံထားရာ ယခုအချိန်အထိ တစ်စုံတစ်ရာမျှ ညွှန်ကြားချက်မရရှိသေးကြောင်း ဒေသခံများထံမှ သိရသည်။

ထို့ကြောင့် အနာဂတ်ရင်သွေးငယ်လေးများအေးချမ်းစွာ ပညာသင်ကြားရေးအတွက် ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံး ဆောက်လုပ်ပေးရန် ကျေးရွာလူထုက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး

**ကျိုက်ထို ဩဂုတ် ၆**-မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်များနှင့် လူကုန်ကူးမှုအန္တရာယ်များ အသိပညာပေးဆွေးနွေးဟောပြောခြင်းကို ဩဂုတ် ၃ ရက်က တောင်သူစုရပ်ကွက်တွင် ပြုလုပ်ခဲ့ရာ ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး အကူအညီလိုအပ်ပါက ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း　၆-၈-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၁.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၄.၈၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၁၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# (၄၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပပြီးစီး




(၈)ကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်

**နေပြည်တော် ဩဂုတ် ၆**

(၄၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ စတုတ္ထမြောက်နေ့အဖြစ် အာဆီယံပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုလျက်ရှိသည့် အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ မဲခေါင် (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း) - ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့်အပေါင်းတစ်ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဂျပန်၊ အိန္ဒိယ၊ ဟောင်ကောင် (တရုတ်) နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၏ သီးခြားအစည်းအဝေးများနှင့် စီအယ်လ်အမ်ဗွီနိုင်ငံများမှ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ပါဝင်တက်ရောက်ခဲ့သည်။

**အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏** အစည်းအဝေးတွင် အာဆီယံအပေါင်းတစ်စီးပွားရေးကောင်စီများ၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ စီးပွားရေးပေါင်းစည်းမှု ပိုမိုခိုင်မာစေရေးနှင့်စပ်လျဉ်း၍ အကြံပြုချက်များ၊ ဦးစားပေးလုပ်ငန်းများဖြစ်သည့် လက်လီရောင်းဝယ်ရေးလုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုပေးသည့်လုပ်ငန်း၊ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အကြံပြုချက်များနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အီလက်ထရွန်နစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးနှင့်စပ်လျဉ်းသည့် အကြံပြုချက်များနှင့် စက်တင်ဘာလတွင် ကျင်းပမည့် အာဆီယံထိပ်သီး အစည်းအဝေး၌ တင်ပြမည့် ပုဂ္ဂလိကကဏ္ဍအစီအစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(၈)ကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင်** မဲခေါင်စက်မှုဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်နှင့် မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ အထောက်အပံ့ပြုနေသည့် လုပ်ငန်းများအပေါ်တွင် လည်းကောင်း၊ **(၂၂)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ** အစည်းအဝေးတွင် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ခြင်း၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ ၂၀၂၅ နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ထားသည့် အာဆီယံ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်တာ လမ်းပြမြေပုံ (၂၀၁၆-၂၀၂၅)၊ အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲ အစီရင်ခံစာပါ စက်မှုကဏ္ဍအသစ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(၁၃)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင်** အာဆီယံ- အိန္ဒိယလွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် နှစ်ဖက်ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်စေရေးအတွက် အာဆီယံ-အိန္ဒိယ စီးပွားရေးကောင်စီမှတင်ပြသည့် အကြံပြုချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**အာဆီယံ-ဟောင်ကောင် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင်** အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်နိုင်ရေးအတွက် ဆွေးနွေးမှု အဓိကနယ်ပယ်များဖြစ်သည့် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှု ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့၌ ဆွေးနွေးပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စများ ဆွေးနွေးခဲ့သည်။

**စီအယ်လ်အမ်ဗွီနိုင်ငံများမှ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင်** စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေး အရာရှိများက စီးပွားရေးဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာ၊ စီအယ်လ်အမ်ဗွီ (၂၀၁၇-၂၀၁၈) လုပ်ငန်းအစီအစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်းတို့အပေါ် ဆွေးနွေးခဲ့သည်။

(၄၈)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ၁၉ ခုကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ၊ တစ်သက်တာစာပေဆုကို ဆရာကြီး ဦးမောင်ကလေး(သောကြာ ဦးမောင်ကလေး) ရရှိ

**ရန်ကုန် ဩဂုတ် ၆**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူစာပေဆု ရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို မောင်ကြည်နွယ် (ပင်လည်ဘူး)ရေးဖွဲ့သည့် "မှုးမြစ်ရစ်ခွေအလှမြေကဗျာများ" စာမူ၊ ဒုတိယဆုကို မောင်ကြည်ဇော်(စာဂ)ရေးဖွဲ့သည့် "ထာဝရလန်းဆန်း၊ မညှိုးပန်းကဗျာများ" စာမူ၊ တတိယဆုကို မင်းချစ်ကွန်း(သံဖြူဇရပ်)ရေးဖွဲ့သည့် "သတ္တိသွေးနှင့် ဓမ္မအလှဆရာ့ဘဝကဗျာများ" စာမူတို့က လည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ပထမဆုကို ချာန်(စွမ်းအင်) ရေးသားသည့် "တောင်ဇလပ်ပြာနှင့် မဝေးလိုပါ" စာမူ၊ တတိယဆုကို ခင်လပြည့်ဝန်း ရေးသားသည့် "အပြာရောင်ကောင်းကင်" စာမူတို့က လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သန်းမြင့်သန်း (ကွမ်းခြံကုန်း)ရေးသားသည့် "ဘူးထောက်မာန် ခံနိုင်ရိုးလား" ဝတ္ထုတိုများ စာမူ၊ ဒုတိယဆုကို သိန်းဇော်(ရွှေလီဦး) ရေးသားသည့် "ဘဝပန်းပုရုပ် ကိုယ်တိုင်ထုလုပ်ကြပါစို့နှင့် အခြားဝတ္ထုတိုများ" စာမူ၊ တတိယဆုကို လွင်ဦး (ကွမ်းခြံကုန်း) ရေးသားသည့် "ငှက်ထောင်သမားနှင့် အခြားစွန့်စားခန်းဝတ္ထုတိုများ" စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် ဒုတိယဆုကို ပုသိမ်-အောင်သန်းဦး ရေးသားသည့် "ခရီးသည်" စာမူ၊ တတိယဆုကို နွေးထွေး(ပုသိမ်ကြီး) ရေးသားသည့် "ဘဝထိုထို ထန်းရိပ်ညို" စာမူတို့က လည်းကောင်း၊ သုတေသနစာပေဆုတွင် ဒုတိယဆုကို ထွန်းထွန်း (အဏ္ဏဝါဗိုဝ)ရေးသားသည့် "သမိုင်းအစဉ်အလာအရ မြန်မာအမျိုးသမီးတို့၏ အခွင့်အရေးများ" စာမူက လည်းကောင်း အသီးသီးရရှိကြသည်။

၂၀၁၅ ခုနှစ်အတွက် တစ်သက်တာစာပေဆုကို စာရေးဆရာကြီး ဦးမောင်ကလေး (သောကြာ ဦးမောင်ကလေး)က ရရှိသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မထက်ထက်နှင်း၊ ဒုတိယနှစ် (သဘင်အထူးပြု)နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ မောင်ကောင်းမင်းဝေ ဒုတိယနှစ်(ပန်းချီအထူးပြု)တို့က ရရှိကြသည်။

၂၀၁၅ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို ဒေါက်တာကျော်ကျော်ဝင်း ရေးသားသည့် "သမိုင်းအစဉ်အလာနှင့် ရိုးရာယဉ်ကျေးမှု"စာအုပ်နှင့် မင်းခန့်ရွှေ ရေးသားသည့် "ပညာရှိသတိဖြစ်ခဲ မဖြစ်စေချင်ပါနှင့် အတွေးအမြင်စာစုများ" စာအုပ်တို့က ရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်စုပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ၀၁-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ၀၁-၃၈၀၄၄၉၊ ၀၁-၃၇၄၅၃၂ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ချင်းတွင်းနှင့် ဧဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ ချင်းတွင်းမြစ်ရေသည် ကနီမြို့၌ နှစ်ပေခန့်နှင့် မုံရွာမြို့၌ ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ဧဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ ရေဘေးသင့်ဒေသများတွင် ပါဝင်ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၆**

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ မြို့နယ်အချို့တွင် လတ်တလောဖြစ်ပွားနေသည့် ရေကြီးနစ်မြုပ်မှုများကြောင့် ဘေးဒုက္ခ ကြုံတွေ့နေရသော ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရတစ်ဖွဲ့တည်း ဆောင်ရွက်ခြင်းထက် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းက ပြည်သူကို ပိုမို၍ စနစ်တကျ တိုက်ရိုက်အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ပြည်သူများအား ယခင်က ဆန်ရိက္ခာသုံးရက်စာ ထောက်ပံ့ပေးလျက်ရှိရာမှ ယခုအခါ ရေကျပြီး ပုံမှန်အခြေအနေရောက်သည်အထိ လိုအပ်မှုအရ ဆက်လက်ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ အနေဖြင့်လည်း မိမိတို့ ပါဝင်ဆောင်ရွက်ပေးနိုင်မှုကို သက်ဆိုင်ရာတိုင်းဒေသကြီးများရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးများထံသို့ ဆက်သွယ်သတင်းအချက်အလက်ရယူ၍ လုပ်ငန်းများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်နှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကိုလည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များအပေါ် ဆွေးနွေးဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရေဘေးသင့်တိုင်းဒေသကြီးငါးခုရှိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၄၃ ဦး တက်ရောက်ခဲ့ပြီး ရေဘေးသင့်ဒေသများ၌ ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် အရပ်ဘက် လူမှုရေး အဖွဲ့အစည်းများမှလည်း လတ်တလောရေကြီးမှုများနှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရှိ ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် သတင်းပေးပို့ဆက်သွယ်အကူအညီများ တောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

(၁) ဦးစဝီလီဖရန့်
ညွှန်ကြားရေးမှူး
စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး
ဖုန်း -၀၉-၄၇၀၉၃၄၈၀၊ ၀၉-၄၂၈၃၃၅၆၁၇

(၂) ဦးသိန်းဌေးအောင်
ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး
ဖုန်း -၀၉-၄၃၀၅၄၂၆၁၊ ၀၉-၃၁၁၁၆၅၅၅

(၃) ဦးမြင့်စိုး
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး
ဖုန်း -၀၉-၄၇၂၀၂၉၂၉၊ ၀၉-၅၆၈၀၄၆၅

(၄) ဦးသန်းထွဋ်ဆွေ
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး
ဖုန်း -၀၉-၄၃၁၂၀၈၆၇၊ ၀၉-၉၇၀၀၆၄၆၆၀

(၅) ဦးသန်းစိုး
ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး
ဖုန်း -၀၉-၄၉၀၀၀၂၉၀၊ ၀၉-၂၅၀၁၂၃၈၈၅

Hotline : ၀၆၇-၄၀၄၆၆၆၊ ၀၆၇-၄၀၄၇၇၇
Facebook : https://www.Facebook.com/Relief-and- Resettlement – Department-Myanmar-660230287445329/
Website : https://www.rrdmyanmar.gov.mm/

❍ ကျောဖုံးမှ

"အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ ရေကြီးရေလျှံမဖြစ်ခင်ကတည်းက ရေဝင်နိုင်တဲ့နေရာတွေကို ရှေးဟောင်းသုတေသနနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေရယ်၊ ဒေသခံတွေရယ်ပူးပေါင်းပြီး သဲအိတ်တွေနဲ့ ကြိုတင်ကာကွယ်မှုတွေ လုပ်ခဲ့ကြပေမယ့် မြစ်ရေက တိုးလာပြီး မြစ်ရေဝင်ရောက်မှုဒဏ်မခံနိုင်တော့ စန္ဒာမုနိရေတံခါးကြားနဲ့ ကျိုင်းရုံးရေတံခါးကြားမှာ ဩဂုတ် ၁ ရက် နံနက် ၅ နာရီလောက်မှာ ကျိုးပေါက်သွားတယ်။ ဩဂုတ် ၂ ရက် နံနက် ၅ နာရီလောက်မှာပဲ စန္ဒာပူရီရေတံခါးနားက ကာထားတာ ကျိုးပေါက်သွားတယ်။ ရောဝတီမြစ်ရေ ရေကြီးရေလျှံမှုရေဝင်ရောက်မှုဟာ တစ်ဆက်တည်း တောက်လျှောက်ဖြစ်လာတယ်။ ဩဂုတ် ၁ ရက် မြစ်ရေဝင်ရောက်မှုမှာ အင်းဝဗားကရာကျောင်းကို သိပ်မရောက်ခဲ့ပေမယ့် ဩဂုတ် ၂ ရက်မှာတော့ ရေဝင်ရောက်မှုများလာပြီး အဲဒီနေ့ ညနေ ၅ နာရီလောက်အထိ ဗားကရာကျောင်းကို လေးပေလောက်အထိ ရောက်သွားတယ်။ အင်းဝပြတိုက်ဝန်းကျင်နေရာကိုလည်း လေးပေခွဲလောက်အထိ ရေဝင်ရောက်သွားခဲ့တယ်။ ညနေ ၆ နာရီနောက်ပိုင်းမှာတော့ ရေထပ် ဝင်ရောက်ခြင်းမရှိဘဲ ဩဂုတ် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲအထိ ရေတန့်နေတယ်။ အင်းဝဗားကရာကိုဝင်တဲ့ ကားလမ်းအပေါ် လေးပေလောက် ကျော်ခဲ့တယ်။ အခု ရေပြန်ကျနေပေမယ့် အချို့နေရာတွေက ရေဝင်တာနောက်ကျသလို ရေပြန်ထွက်တဲ့ အခါမှာလည်း နောက်ကျမယ်ဆိုတာ ဒေသခံတွေဆီက သိရပါတယ်။ အင်းဝဒေသခံ တွေက ရေကြီးမှုအတွေ့အကြုံရှိပုံရတယ်။ ရေစိမ့်ဝင်နိုင်မယ့် နေရာတွေကို ကြိုပြီး ပိတ်ထားတာ တွေ့ရတယ်။ ရေကြီးရေလျှံမှုတော့ဖြစ်ပေမယ့် ကြီးကြီးမားမား ထိခိုက် ပျက်စီးဆုံးရှုံးမှုတော့ ဖြစ်တာမတွေ့ရသေးပါဘူး။ မယ်နုအုတ်ကျောင်းဘက်မှာ ရေဝင်ရောက်မှုမရှိပါဘူး။ ကုန်းအမြင့်ပိုင်းနဲ့ အင်းဝမြို့ဟောင်းရဲ့ဒုတိယမြို့ရိုးအတွင်းမှာ ရှိတာကြောင့်ပါ။ အင်းဝရဲ့ကျုံးကြီးထဲမှာပဲ ရေပြည့်လျှံနေပါတယ်။ ဒုတိယမြို့ရိုးအတွင်း ဖောက်ပြီးဝင်တာ မရှိသေးပါဘူး" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန မန္တလေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အင်းဝမြို့ဟောင်းတွင် ရှေးဟောင်းအဆောက်အအုံ ၆၂၄ ခုရှိကြောင်း၊ နံရံဆေးပန်းချီများရှိသည့်ဘုရား ငါးဆူ၊ ရှေးဟောင်းကျောက်စာရှိသည့် ဘုရား ခုနစ်ဆူ၊ ကြေးခေါင်းလောင်းစာရှိသည့် ဘုရား သုံးဆူနှင့် အင်းဝခေတ်အဆက်ဆက် တည်ထားခဲ့သော သာသနိကအဆောက်အအုံများရှိကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ သမိုင်းမှတ်တမ်းများအရ သိရသည်။

**အောင်စေပိုင်စေ**



# စေတုတ္တရာ-စလင်း ကားလမ်းမှ ပျက်စီးနေသော ပဇောချောင်းတံတား အမြန်ပြုပြင်လျက်ရှိ

**စေတုတ္တရာ ဩဂုတ် ၆**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စေတုတ္တရာ-စလင်းဆက်သွယ်သည့် လမ်းမှ မိုင်တိုင်အမှတ် (၃၂/၂) အနီးရှိ ပဇောချောင်းတံတားသည် ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့သည်။

အဆိုပါတံတားအား မြို့နယ်လမ်းဦးစီးဌာနမှ ခရီးသွားပြည်သူများသွားလာမှုအဆင်ပြေစေရန်အတွက် ဘေလီသံပေါင်တံတားကို ဩဂုတ် ၅ ရက် နံနက်ပိုင်းမှစ၍ အမြန်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်ထွန်းဦး(မင်းဘူး)**

# ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများကို သန့်ရှင်းရေးသုံးပစ္စည်းများပေးအပ်

**မိုးညှင်း ဩဂုတ် ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့အောင်သပြေရပ်ကွက်ရှိ ယာယီကယ်ဆယ်ရေးစခန်း တစ်ခုဖြစ်သော စိန်ပက်ထရိတ်ဘုရားကျောင်းရှိ အိမ်ထောင်စု ၁၂ စုအား သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ဘုရားကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ **(ယာပုံ)**



ဒိန်းမတ် ကြက်ခြေနီအသင်းမှ သန့်ရှင်းရေးပစ္စည်း (Sanitary Kit) များကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ ပထမဆုံးအကြိမ်အဖြစ် ပြည်နယ်အတွင်းရှိ မိုးညှင်း၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမောက်စသည့် မြို့နယ်လေးမြို့နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ အိမ်ထောင်စုတစ်စုလျှင် သန့်ရှင်းရေးသုံး ပစ္စည်းတစ်ဖာကို လူသားချင်း စာနာထောက်မှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းအဖြစ် ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေရန် ကူညီထောက်ပံ့ပေးခြင်းဖြစ်သည်။

ယင်းသန့်ရှင်းရေးသုံးပစ္စည်း တစ်ဖာတွင် သွားတိုက်တံ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာမှုန့်၊ အိမ်သာသုံးစက္ကူ၊ အပ်ချည်နှင့်အပ်ဘူး၊ သနပ်ခါးဘူး စသည့် ပစ္စည်းများ ပါဝင်သည်။

**(ခရိုင် ပြန်/ဆက်)**

# အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၆**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်မည့်(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"အေးချမ်းသာယာ ပြည်မြန်မာ"** ဟူသောခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မအရွယ်အစား တစ်မျိုးတည်းသာပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။
(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။
(ဂ) ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။
(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများ မဖြစ်ရပါ။
(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။
(စ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

ပြိုင်ပွဲတွင်ဆုရရှိသူများအား **ပထမဆု** ငါးသိန်းကျပ်၊ **ဒုတိယဆု** သုံးသိန်းငါးသောင်းကျပ်၊ **တတိယဆု** နှစ်သိန်းကျပ်နှင့် **အထူးဆု** တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM) သည် မိုးများရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသော စစ်ကိုင်း၊ ပခုက္ကူ၊ မြန်အောင်နှင့် ကြံခင်းမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများကို ယင်းဒေသရှိ အစိုးရအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ အခြားပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆင်မြေကျေးရွာရှိ ရေဘေးသင့်ပြည်သူ ၃၀၀၀ ကျော်အတွက် ထမင်းဘူး ၃၀၀၀ ကျော်ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ ရေဘေးသင့်စခန်းများမှ ရေဘေးသင့်ပြည်သူ ၇၀၀ ခန့်အတွက် ထမင်းဘူးများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေဘေးရှောင်စခန်း ခုနစ်ခုရှိ ရေဘေးသင့်ပြည်သူများအတွက် နံနက်စာ ထမင်းဘူး ၂၀၀၀ ကျော်နှင့် ညနေစာ ထမင်းဘူး ၂၀၀၀ ကျော်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ထမင်းဘူး ၁၅၀၀ ကို လည်းကောင်း ဩဂုတ် ၆ ရက်က သွားရောက်လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**



ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ လိုအပ်လျက်ရှိရာ ရေဘေးဒုက္ခကြုံတွေ့နေသည့်ဒေသအသီးသီးရှိ ကမ္ဘောဇဘဏ် လီမိတက်ဘဏ်ခွဲများ၏ ဘဏ်ခွဲတာဝန်ခံများ၊ အရာထမ်း၊ ဝန်ထမ်းများက ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး သဒ္ဓါတရားထက်သန်စွာဖြင့် ရေနစ်မြုပ်နေသည့် ရပ်ကွက်၊ ကျေးရွာ၊ နေအိမ်များအထိ သွားရောက်၍ ထမင်းဘူးများကို အချိန်နှင့်တစ်ပြေးညီ ပေးဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## သစ်တောသစ်ပင် တို့ချစ်ခင်
## နှစ်စဉ်စိုက်ပျိုး အလှတိုး

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်ပညာရေးတက္ကသိုလ်၌ စာပေဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပရာ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်က အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကျောင်းသူတစ်ဦးက ပါမောက္ခ ဒေါက်တာခင်ဇော်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် ပါမောက္ခ ဒေါက်တာခင်ဇော်(စာရေးဆရာနိုင်ဇော်)က "New Perspectives in Teaching and Learning Environment" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဒေါက်တာခင်ဇော်က ရန်ကုန်ပညာရေးတက္ကသိုလ် စာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်းရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်က အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**



အခမ်းအနားသို့ ပါမောက္ခချုပ်(ငြိမ်း)များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

✲ ရှေ့ဖုံးမှ

ဆက်လက်ရောက်ရှိနိုင်သည်။

အဆိုပါ ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၏ အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက် ကျော်လွန်ရောက်ရှိနေသဖြင့် ဒေသခံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"အခုလို ရေတက်ကြမ်းပုံမျိုးနဲ့ဆိုရင် ပထမဆုံးအကြိမ် ရေကြီးမှုမျိုးနဲ့ ကြုံနိုင်တယ်။ ရေတက်ချိန်ကြာပြီး တန့်နေရင် အန္တရာယ်ရှိလာနိုင်တယ်" ဟု ရန်ကင်းစံရာကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ထို့ပြင် အဆိုပါဧရာဝတီမြစ်ရေသည် နောက်နှစ်ရက်အတွင်း ဆက်လက်မြင့်တက်ဖွယ်ရှိပြီး စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ တပ်မတော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများက ရေဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများကို နေ့စဉ်အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ကွပ်ကဲရေးရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ် ၅ ရက်အထိ ရပ်ကွက် ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကွင်းပေါင်း ၃၁ ကွင်းရှိ တောင်သူ ၁၁၁၇ ဦး၊ မိုးစပါးစိုက်ဧက ၆၇၄၁ ဧက ရေကြီးနစ်မြုပ်ခဲ့သည်။ ထို့ပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၂ အုပ်စု တွင် အထက်တန်းအဆင့်ကျောင်း လေးကျောင်း၊ အလယ်တန်းအဆင့်ကျောင်း ၂၀ နှင့် မူလတန်းအဆင့်ကျောင်း ၆၉ ကျောင်းတို့ကို ရေကြီးနစ်မြုပ်မှုကြောင့် ယာယီပိတ်ထားကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

✲ ရှေ့ဖုံးမှ

ထို့အပြင် အဆိုပါအဝေးပြေးကားလမ်းမကြီးပေါ်ရှိ အန္တရာယ်အကွေ့အကောက်ကားလမ်းကြီးအား ဖြတ်သန်းသွားလာမောင်းနှင်နေကြရသည့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ အန္တရာယ်ကင်းစွာသွားလာမောင်းနှင်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဂုတ်တွင်းကားလမ်းကို အသုံးမပြုတော့ဘဲ အလျားပေ ၂၀၀၀ အရှည်ရှိမည့်လေးလမ်းသွား ကွန်ကရစ်တံတားကြီးတစ်စင်းကို တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါတံတားကြီးတည်ဆောက်ရာတွင် နောင်ချိုမြို့နယ်ဘက်၌ ဟိုင်းဝေးလမ်းမကြီး၏ မိုင်တိုင်အမှတ်(၇၂/၅)မှစ၍ မြို့ရှောင်လမ်းဖောက်၍ မြို့ရှောင်လမ်းပေါ်၌ တံတားကြီး၏ ချဉ်းကပ်လမ်းဖောက်လုပ်ပြီး ဆက်သွယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကျောက်မဲမြို့နယ်ဘက်တွင်လည်း မန္တလေး-မူဆယ် ကားလမ်း မိုင်တိုင်အမှတ်(၉၂/၅)မှစ၍ တံတားကြီးချဉ်းကပ်လမ်းဖောက်လုပ်ပြီး အဝေးပြေးလမ်းမကြီးနှင့် ပြန်လည်ဆက်သွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ တံတားတည်ဆောက်ရာတွင် မလွတ်ကင်းသည့် စိုက်ခင်းရှင်များအတွက် မြေလျော်ကြေးပေးချေရန်အတွက်တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာ၍ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားကြောင်း သိရသည်။

အဆိုပါဂုတ်တွင်းတံတားကြီး တည်ဆောက်ပြီးစီးသွားလျှင် ယခုလက်ရှိ သွားလာမောင်းနှင်နေကြသည့် ကမ္ဘာကျော် ဂုတ်တွင်းကားလမ်းကြီးမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည်မဟုတ်ဘဲ ပြည်တွင်း ပြည်ပမှ လေ့လာလိုသူများကိုသာ ကြည့်ရှုလေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

# မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ကွင်းဆင်းဆောင်ရွက်

**မြင်းခြံ ဩဂုတ် ၆**

မြင်းခြံမြို့နယ်အတွင်း မိုးရွာသွန်းမှုနှင့် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ရေဝင် ကျေးလက်ဒေသများ ရေဘေးအန္တရာယ်များ ကြုံတွေ့နိုင်သဖြင့် သဘာဝဘေးအန္တရာယ် ကွင်းဆင်းစိစစ်ကာကွယ်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကံချွန်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဩဂုတ် ၁ ရက်က မိုးရွာသွန်းမှုကြောင့် ကျေးလက်တံတားပျက်စီးမှုရှိ/မရှိ ကွင်းဆင်းကြည့်ရှုရာ မြင်းခြံ-တလုပ်-ဆီမီးခုံ ကျေးလက်လမ်းပေါ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကတ္တရာလမ်းပခုံးများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ လမ်းကြောင်းပြတ်တောက်မှု၊ လမ်းထိခိုက်မှုမဖြစ်စေရေးအတွက် ဩဂုတ် ၂ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာများက စက်ယန္တရားများနှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**




**(မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား လှူဒါန်းနိုင်ရန် ပန်းချီရေးဆွဲပွဲကျင်းပ

**မန္တလေး ဩဂုတ် ၆**

ရေဘေးသင့်ပြည်သူများအား လှူဒါန်းနိုင်ရန် မန္တလေးမြို့ ရေဘေးသင့်အလှူဖြစ်မြောက်ရေး ပန်းချီဆရာများ၏ ဒုတိယအကြိမ် ပန်းချီရေးဆွဲခြင်းကို ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့် ဆီဒိုးနားဟိုတယ်ရှေ့၌ ကျင်းပကြသည်။ **(အောက်ဝဲပုံ)**



ထိုသို့ရေးဆွဲရာတွင် လေးချိုးဆိုဒ် ငွေကျပ် ၁၀၀၀၀၊ ရှစ်ချိုးဆိုဒ် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရေဆေး၊ ဆီဆေး၊ အက်ခရိုက်လစ်၊ မင်များဖြင့် ရေးဆွဲကာ ဝယ်ယူ၍ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်ကုသိုလ်ယူကြသည်။

ရေဘေးသင့် ပြည်သူများအား လှူဒါန်းနိုင်ရန် ပန်းချီဆရာများမှာ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မင်းကွန်းနှင့် ရန်ကုန်မှ လာရောက်၍ ပါဝင်ကုသိုလ်ယူရေးဆွဲကြကြောင်း၊ ပန်းချီကားများ၏ တန်ဖိုးမှာ ကာလတန်ဖိုးအရ ဈေးနည်းသော်လည်း လူလတ်တန်းစားမရွေး ဝယ်ယူကုသိုလ်ပြုနိုင်ကြောင်း၊ ယခုကဲ့သို့ ကျင်းပခြင်းအတွက် ပန်းချီဆရာများ တစ်စုတစ်ဝေးတည်း မြင်တွေ့ရကြောင်း၊ ၂၀၁၅ ခုနှစ် ပထမအကြိမ် ပန်းချီရေးဆွဲအလှူငွေရရှိငွေမှာ ငွေကျပ် သိန်း ၂၀၀ ကျော်ရရှိပြီး စေတုတ္တရာ၊ မုန်းချောင်းအထက် ပွင့်ကောက်၊ ချင်းရွာဒေသများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း၊ ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြပွဲတာဝန်ခံ ဦးမိုးက ပြောသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

● ရှေ့ဖုံးမှ

ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အပြင် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ သုံးပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်

**ဖန်းမော် ဩဂုတ် ၆**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၆ ရက်က ကျင်းပရာ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ထွန်းက ဖန်းမော်ရေရှင်ကျောင်း ပရဟိတဂေဟာမှူးနှင့် သက်ဆိုင်ရာအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# မြန်မာနိုင်ငံ၌ ဖြစ်ပွားနေသော အရိုးပွရောဂါပြဿနာအကြောင်း ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံ၌ ဖြစ်ပွားနေသော အရိုးပွရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ မြန်မာနိုင်ငံဆရာဝန်များအသင်းတိုက်၌ ယနေ့ နံနက်က ကျင်းပကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးအဖွဲ့က ကြီးမှူး၍ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဒေါက်တာအေးမြင့်ကြည်က အရိုးပွရောဂါလက္ခဏာများအကြောင်း၊ ဒေါက်တာမျိုးမြင့်မြတ်က အရိုးပွရောဂါဖြစ်ပွားရခြင်းအကြောင်း၊ ဒေါက်တာ ခင်သီတာအောင်က အရိုးပွရောဂါကုသနည်းအကြောင်း၊ ဒေါက်တာလဲ့လဲ့ချိုသိန်းက အရိုးပွရောဂါကြောင့် ဖြစ်ပွားသော ပြဿနာအပေါ် မည်သို့ပြန်လည်သန်စွမ်းစေရန် နည်းလမ်းများအကြောင်း စာတမ်းများ တင်ပြဆွေးနွေးကြပြီး တက်ရောက်လာသော ဆေးပညာစိတ်ပါဝင်စားသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပြည်သူကိုဗဟိုပြုသည့် အာဆီယံဆီသို့

**အောင်ထူး**

ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင်အဖြစ်မှထွက်ဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ ဆုံးဖြတ်လိုက်တဲ့အခါ ကမ္ဘာမှာ အတော့်ကို လှုပ်ခတ်သွားခဲ့တယ်။ ဥရောပသမဂ္ဂရဲ့ အစဟာ ၁၉၅၀ ပြည့်နှစ်များကဖြစ်ပြီး ခိုင်မြဲအတုယူဖွယ်ကောင်းတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးကနေ ဗြိတိန်နိုင်ငံနုတ်ထွက်ရန်ဆုံးဖြတ်မှုဟာအားလုံးအတွက်အံ့အားသင့်စရာဖြစ်သလို ဥရောပသမဂ္ဂကို အောင်မြင်တဲ့ ဒေသဆိုင်ရာအဖွဲ့ အစည်း တစ်ရပ်အဖြစ် စံနမူနာထားနေတဲ့အာဆီယံအပါအဝင် အခြားဒေသဆိုင်ရာအဖွဲ့ အစည်းများအပေါ်လည်း ဂယက်ရိုက်ခတ်ခဲ့တယ်။ အာဆီယံမှာရော ဒီလိုမဖြစ်နိုင်ဘူးလားပေါ့။ အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း ဆူရင်ပစ်ဆူဝမ်ကတော့ဒီလိုမဖြစ်နိုင်ဘူးလို့ အဆောတလျင်ပဲဆိုလိုက်ပါတယ်။

ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂက ထွက်ဖို့ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒပြုကြသူတွေက ဗြိတိန်နိုင်ငံမှ သက်ကြီးပိုင်းနဲ့ ဥရောပ ပေါင်းစည်းမှုကနေအကျိုးမရဘူးလို့ ထင်မြင်သူတွေဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဗြိတိန်ဥရောပသမဂ္ဂကနေ ထွက်တာကို မဲပေးသူတွေက ပြည်သူတွေဖြစ်ပါတယ်။ ပြည်သူတွေကဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါနဲ့ဆက်စပ်ပြီးပြည်သူကိုဗဟိုပြုတဲ့အာဆီယံဆိုတဲ့အတွေး စာရေးသူခေါင်းထဲရောက်လာတယ်။ ဥရောပသမဂ္ဂဟာ ပြည်သူတွေကိုအခြေပြုပြီး ပြည်သူတွေက ဒေသဆိုင်ရာ အဖွဲ့အစည်းအပေါ် ယုံကြည်အားထားလာကြရင် ဒီလိုဖြစ်သွားစရာမရှိဘူးလို့ တွေးမိလာတယ်။

တကယ်တော့ အာဆီယံကိုပြန်ကြည့်ရင် အာဆီယံပဋိညာဉ်စာတမ်းအရ အစိုးရ အချင်းချင်းဆိုင်ရာအဖွဲ့အစည်း(Intergovernmental association)တစ်ခုသာ ဖြစ်နေပါသေးတယ်။ ဒါကြောင့်လည်း အာဆီယံမှာ ဘယ်သူကဦးဆောင် သင့်တယ်လို့ ခေါင်းဆောင်ရှာနေတာကိုလည်း တွေ့ရတယ်။ အာဆီယံဟာအစိုးရများ အချင်းချင်း ပူးပေါင်းဆောင်ရွက်တဲ့အဖွဲ့အစည်းတစ်ခုအဖြစ် ၁၉၆၇ ခုနှစ်ကဖွဲ့စည်းခဲ့ တာဖြစ်ပြီး ၂၀၀၃ ခုနှစ်နောက်ပိုင်းမှာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းကနေ အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းဖို့ ကြိုးစားခဲ့ကြတယ်။ ၂၀၁၅ ခုနှစ်မှာတော့ အာဆီယံဟာ အသိုက်အဝန်းတစ်ခုအဖြစ် ဖြစ်လာပါတယ်။ အာဆီယံအသိုက်အဝန်းရဲ့ ကနဦး ၂၀၂၀ ပြည့်နှစ် မျှော်မှန်းချက်ကတော့ “အမြင်ကျယ်မှုရှိပြီးတွန်းအားရှိ သော စီးပွားရေးတိုးတက်မှုရရှိလျက် ကရုဏာတရားပြည့်ဝသည့် ဝန်းကျင်တွင် ငြိမ်းချမ်း တည်ငြိမ် ချမ်းသာကြွယ်ဝစွာ အတူတကွ မိတ်ဖက်ပူးပေါင်းနေထိုင်ကြသည့် စုစည်းမှုရှိ၍ တက်ညီလက်ညီရှိသည့်အာဆီယံအသိုက်အဝန်း”လို့ ဖြစ်ပြီး အာဆီယံရဲ့ ၂၀၂၅ ခုနှစ်မျှော်မှန်းချက်တွေမှာကြည့်ရင် “ငြိမ်းချမ်းသာယာ၊တည်ငြိမ်၍ စည်ပင်ဝပြောသည့်ဒေသအတွင်း စည်းမျဉ်းစည်းကမ်းကိုအခြေခံ၍ ပြည်သူကိုဦးစားပေး သော၊ ပြည်သူကိုဗဟိုပြုသောအာဆီယံ”ဟူသည့်မျှော်မှန်းချက်ကို ထည့်သွင်း ဖော်ပြထားပါတယ်။ ယင်းသို့ မျှော်မှန်းသော်လည်းပဲ အာဆီယံဟာ လက်ရှိအခြေအနေ မှာ အစိုးရများနဲ့ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းပဲ ဖြစ်နေပါသေးတယ်။ ဒါကြောင့်မို့လည်း ပြည်သူကိုဦးစားပေးတဲ့၊ ပြည်သူကိုဗဟိုပြုတဲ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ဖို့ ၂၀၂၅ ခုနှစ် မျှော်မှန်းချက်များထဲမှာထည့်သွင်းဖော်ပြခဲ့တာဖြစ်ပါတယ်။

ပြည်သူကိုဗဟိုပြုတဲ့ အာဆီယံအကြောင်းမပြောခင် အာဆီယံနဲ့အီးယူနဲ့ကွာ ခြားတာကိုပြောလိုပါတယ်။ အာဆီယံဟာ အရွယ်အစားအမျိုးမျိုး၊ အစိုးရစနစ် အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုး၊ လူမျိုး၊ ကိုးကွယ်ရာဘာသာအမျိုးမျိုးကွဲပြား နေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ အာဆီယံမှာ အားလုံးနဲ့သက်ဆိုင်တဲ့အချက်(common denominator)များကို ရှာကြည့်ရင်အာဆီယံနိုင်ငံပြည်သူများဟာ အရှေ့တောင် အာရှဒေသ (Southeast Asia)မှာ နေထိုင်နေကြခြင်းနဲ့ အာရှရဲ့တန်ဖိုးထားမှု (Asian Values)လို့ခေါ်တဲ့ထူးခြားဂုဏ်ရည်ရှိတဲ့ တန်ဖိုးထားမှုကိုလက်ခံထား ခြင်းဖြစ်ပါတယ်။ အာရှရဲ့တန်ဖိုးထားမှုတွေကိုကြည့်ရင် လူမှုရေးသဟဇာတမျှတမှုကို ဦးစားပေးခြင်း၊ လူ့အသိုက် အဝန်းရဲ့ဘုံသာယာဝပြောမှုနဲ့လူမှုစီးပွားရေးတိုးတက်မှု ကို မျက်မှောက်ပြုခြင်း၊ တစ်ဦးချင်းအကျိုးထက် မိမိအသိုက်အဝန်းအကျိုးကို ဦးစားပေးခြင်းနဲ့ မိမိခေါင်းဆောင်များအပေါ် အလေးထားသစ္စာရှိခြင်းတို့ပါဝင်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံရဲ့အဓိက အခြေခံ ခံယူချက်ကတော့ မတူကွဲပြားခြားနားမှုများမှ စည်းလုံးညီညွတ်မှု(Unity in Diversity) ပဲဖြစ်တယ်။

နောက်တစ်ချက်ကတော့ အာဆီယံလမ်းစဉ်(ASEAN Way)ဖြစ်တယ်။ အာဆီယံလမ်းစဉ်ဆိုတာကတော့ အပြုသဘောဆောင်သည့် ထိတွေ့ခြင်း (constructive engagement)၊ တိုင်ပင်ဆွေးနွေးခြင်း(consultation)၊ တိုးတိုး တိတ်တိတ်သံတမန်နည်းလမ်းကို အသုံးချခြင်း(quiet diplomacy)နဲ့ဆုံးဖြတ်ချက် များကို တူညီဆန္ဒ ရယူဆောင်ရွက်ခြင်း(decision by consensus)တို့ပဲဖြစ်ပါတယ်။ ယင်းတူညီဆန္ဒရယူဆုံးဖြတ်ခြင်းကြောင့် အာဆီယံဟာအားလုံးသဘောတူတဲ့အချက် များကိုသာ ဆုံးဖြတ်နိုင်တယ်လို့ ဝေဖန်ခံရပါတယ်။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဟာ ဘယ်လောက်ပဲ ရည်မှန်းချက်ကြီးမားသည်ဖြစ်စေ အခြားအဖွဲ့ဝင်တစ်ဦးရဲ့ သက်သောင့်သက်သာလက်ခံနိုင်မှု သဘောထားကို တန်ဖိုးထားလေးစားလက်ခံရမှာ ဖြစ်ပါတယ်။တစ်နည်းအားဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်တွေသာ တစ်ချက်လွှတ်ဗီတိုအာဏာရှိပေမယ့် အာဆီယံမှာတော့ အဖွဲ့ဝင်နိုင်ငံတိုင်းဟာ ဗီတိုအာဏာရှိတယ်လို့ဆိုရမှာဖြစ်ပါတယ်။ အဖွဲ့ဝင်တစ်ဦးက သဘောမတူရင်ဘာကိုမှ ဆုံးဖြတ်လို့ရမှာမဟုတ်ပါဘူး။ ဒါကြောင့်အာဆီယံကို ဝေဖန်သူတွေက အာဆီယံဟာ အနိမ့်ဆုံးရည်မှန်းချက်ကိုသာရနိုင်တယ်။ အင်္ဂလိပ်လိုဆိုရင်တော့ Lowest common denominator ကိုပဲ ရနိုင်တယ်လို့ဆိုကြပါတယ်။ ဒါကြောင့် အာဆီယံဟာ မပြတ်သားဘူး၊ ရဲရင့်မှုမရှိဘူး၊ ခိုင်မာမှုမရှိဘူးလို့လည်းဝေဖန်ကြပါတယ်။

ယခုအချိန်မှာလို တောင်တရုတ်ပင်လယ်ကိစ္စအရှိန်မြင့်နေချိန်မှာ ဒီဝေဖန်သံတွေကိုပိုကြားနေကြရမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တစ်ဖက်ကပြန်တွေးကြည့်ရင် ဒီလို တူညီဆန္ဒနဲ့ ဆုံးဖြတ်ခြင်းဖြစ်တဲ့အတွက်ကြောင့်သာ အာဆီယံအနေနဲ့ ခိုင်မာတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းအဖြစ် ရပ်တည်နေရခြင်းဖြစ်တယ်ဆိုတာကို မမေ့သင့်ပါဘူး။ အများစု (majority)ရဲ့သဘောထားနဲ့ ဆုံးဖြတ်ကြကြေးဆိုရင် အာဆီယံဟာလည်း ဥရောပသမဂ္ဂက ဗြိတိန်ထွက်သလို ကံကြမ္မာမျိုးနဲ့ ရင်ဆိုင်ရဖို့ရှိပါတယ်။

မကြာမီက ကျင်းပခဲ့တဲ့ (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ တူညီဆန္ဒကိုအခြေခံပြီး တောင်တရုတ်ပင်လယ်ကိစ္စကို ဖြတ်ကျော်ခဲ့တာဟာ အာဆီယံရဲ့လှုပတဲ့အကွက်ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ တောင်တရုတ် ပင်လယ်ကိစ္စမှာ အပြည်ပြည်ဆိုင်ရာအနုညာတ ခုံရုံးရဲ့အဆုံးအဖြတ်ကို ခံယူခဲ့ပါတယ်။

ဒီခုံရုံးရဲ့ အဆုံးအဖြတ်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများရဲ့အစည်းအဝေး ပူးတွဲကြေညာချက်မှာ ထည့်သွင်းဖော်ပြလိုတယ်။ ဒါပေမယ့် အဖွဲ့ဝင်နိုင်ငံတစ်ဦးက ဒီလိုဖော်ပြတာကို မလိုလားဘူး။ အာဆီယံနိုင်ငံတိုင်းမှာ ဗီတိုအာဏာရှိတဲ့အတွက် တစ်နိုင်ငံက သဘောမတူရင် ဖော်ပြလို့မရပါဘူး။ ဒါနဲ့ အားလုံးလက်ခံနိုင်မယ့်အဖြေကို ရှာကြတယ်။ ပူးတွဲကြေညာချက် မူကြမ်း ပြုစုတဲ့ သူများရဲ့အဆင့်မှာ အဖြေရှာလို့မရခဲ့ဘူး။ အဆင့်မြင့်အရာရှိအဆင့်မှာလည်း အဖြေရှာလို့မရခဲ့ဘူး။ နောက်ဆုံး အာဆီယံနိုင်ငံခြား ရေးဝန်ကြီးများ အဆင့်အထိ အလွတ်သဘောအစည်းအဝေးတွေလုပ်ပြီး အဖြေရှာခဲ့ တယ်။ နောက်ဆုံးမှာတော့ တူညီတဲ့ဆန္ဒကို ရရှိခဲ့တဲ့အတွက် (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးရဲ့ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ တယ်။ ဒါကြောင့် အာဆီယံဟာ နိုင်ငံတကာအဆင့်မှာ မျက်နှာမပျက်ခဲ့ဘူး။ အာဆီ ယံရဲ့စည်းလုံးညီညွတ်မှုကိုလည်းထိန်းသိမ်းနိုင်ခဲ့တယ်။ ဒါဟာ ASEAN Way လို့ ခေါ်တဲ့ အာဆီယံရဲ့ချဉ်းကပ်မှုနည်းလမ်းကြောင့်ရရှိလာတဲ့ အောင်မြင်မှုတစ်ခုဖြစ်တယ်။

နောက်တစ်ချက်ကတော့ အာဆီယံကို တစ်ဦးချင်းစီရဲ့အချုပ်အခြာအာဏာတွေ ဖဲ့ပေးပြီး ဥရောပသမဂ္ဂရဲ့ရုံးအဖွဲ့လို ဗျူရိုကရက်တွေက စည်းမျဉ်းစည်းကမ်းတွေ၊ မူဝါဒ တွေချမှတ်အကောင်အထည်ဖော်ခြင်းပြုတဲ့ အဖွဲ့အစည်း (supranational organization)အဖြစ် ဖွဲ့စည်းမှု မပြုတဲ့အချက်ဖြစ်တယ်။ဥရောပသမဂ္ဂရဲ့ရုံးအဖွဲ့မှာ ဝန်ထမ်း ၇၀၀၀ ခန့်ရှိပြီး ဥရောပသမဂ္ဂတစ်ခုလုံးရဲ့စည်းမျဉ်းစည်းကမ်းတွေချမှတ်မှုနဲ့ ဒီစည်းမျဉ်း များကို လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်လျက်ရှိပါတယ်။ အာဆီယံကတော့ သူ့ရဲ့ အတွင်းရေးမှူးချုပ်ရုံးကို ဒီလိုဆောင်ရွက်ခွင့်မပြုထားပါဘူး။ ဝန်ထမ်းအင်အားကလည်း နည်းနည်းနဲ့ ကျဲကျဲဝိုင်းပြီး ၂၀၀ ခန့်သာ ခန့်ထားတယ်။ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့နိုင်ငံက နှစ်စဉ်အလှည့်ကျဦးဆောင် ဆောင်ရွက်သလို ဆုံးဖြတ်ချက် များဟာလည်း အာဆီယံထိပ်သီးအစည်းအဝေးများနဲ့ ဝန်ကြီးအဆင့်အစည်းအဝေးများ ကချမှတ်ပြီး အကောင်အထည်ဖော်မှုကိုလည်း ယင်းအစည်းအဝေးများက စုပေါင်း ကြီးကြပ်တာဖြစ်ပါတယ်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးဟာ အဖွဲ့ကြီးနဲ့ အဖွဲ့ဝင်တွေကို အထောက်အကူပြုရန်အတွက်သာ ဖြစ်ပါတယ်။

အာဆီယံရဲ့သဘောကတော့ ဘုံရည်မှန်းချက်တစ်ခုအတွက် အာဆီယံနိုင်ငံများဟာ မိမိတို့အသီးသီးရဲ့ကိုယ်စွမ်းရှိသလောက် ဆောင်ရွက်ကြမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ တစ်ဦးချင်းရဲ့ ဆောင်ရွက်မှုများဟာ စုပေါင်းလိုက်ရင် အားလုံးအတွက် ပိုမိုတိုး တက်တဲ့အခြေအနေကို ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်ကြပါတယ်။ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ချုပ်နှောင်ထားရှိမှုမရှိပါဘူး။ ဒါကြောင့်လည်း အာဆီယံဟာ ယနေ့မှာ ထွန်းတောက်တဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အဖြစ် ကမ္ဘာ့အလယ်မှာ တည်ရှိနေရခြင်းဖြစ်တယ်။

> **ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်တွေသာ တစ်ချက်လွှတ် ဗီတိုအာဏာရှိပေမယ့် အာဆီယံမှာတော့ အဖွဲ့ဝင်နိုင်ငံတိုင်းဟာ ဗီတိုအာဏာရှိ တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အဖွဲ့ဝင်တစ်ဦးက သဘောမတူရင်ဘာကိုမှ ဆုံးဖြတ်လို့ ရမှာမဟုတ်ပါဘူး . . .**

ဒါကတော့ အာဆီယံနဲ့ အီးယူရဲ့ ခြားနားချက်ဖြစ်ပါတယ်။ အာဆီယံဟာ တစ်နိုင်ငံချင်းစီရဲ့ အသီးသီးအသက၊ အသက ကြိုးပမ်းမှုနဲ့ တိုးတက်ထွန်းကားလာ ပေမယ့် အီးယူကတော့ အဖွဲ့ဝင်အားလုံးကို တန်းညှိတဲ့သဘောရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အီးယူထဲမှာ ပိုမိုတိုးတက်ထွန်းကားတဲ့ ဂျာမနီတို့ ပြင်သစ်တို့က မထောင်းသာပေမယ့်၊ ဂရိတို့၊ ပေါ်တူဂီတို့ အရှေ့ဥရောပနိုင်ငံတို့အနေနဲ့ လိုက်မမီ ဖြစ်ခဲ့ပါတယ်။ ဂရိနိုင်ငံကို စီးပွားရေးအရကယ်တင်ခဲ့မှုဟာ အီးယူကို အက်ကွဲကြောင်း စဖြစ်စေခဲ့တာလို့ဆိုနိုင်ပါတယ်။ ဒါ့အပြင် အီးယူအတွင်း ဒုက္ခသည်တွေစုပြုံရောက်လာချိန်မှာ အီးယူက ခွဲတမ်းသဘောနဲ့ အဖွဲ့ဝင်တွေကို လက်မခံမနေရကိုယ်တာနဲ့ လက်ခံခိုင်းချိန်မှာ အီးယူပြည်သူများအနေနဲ့ သည်းမခံနိုင်တဲ့ အနေအထားဖြစ်လာတယ်။ ဒီအချက်ကို ဗြိတိန်နိုင်ငံရဲ့ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက သက်သေပြလိုက်တာပါပဲ။

အာဆီယံအနေနဲ့ အီးယူရဲ့သင်ခန်းစာကို အတွေ့အကြုံယူရပါလိမ့်မယ်။ အရေး အကြီးဆုံးအချက်ကတော့ ဒီမိုကရေစီဆန်လာတဲ့ အာဆီယံနိုင်ငံများမှာလည်း ပြည်သူ့ဆန္ဒကို လွန်ဆန်လို့မရနိုင်ဘူးဆိုတဲ့အချက်ပါပဲ။ ပြည်သူကို ဗဟိုပြုရမယ်၊ ပြည်သူကိုအခြေခံရမယ်ဆိုတဲ့ အချက်ဖြစ်တယ်။ ဒီတော့ အာဆီယံရဲ့ ရှေ့ရေးကို တွေးရင် ပြည်သူကိုဗဟိုပြုတဲ့ အာဆီယံဖြစ်ဖို့ ပိုမိုဆောင်ရွက်ရန် မဖြစ်မနေလိုနေ ပြီဆိုတာကို တွက်ဆကြည့်နိုင်ပါတယ်။

ပြည်သူကို ဗဟိုပြုတဲ့အာဆီယံဖြစ်ဖို့လည်း အဖွဲ့ဝင်အစိုးရများက အာဆီယံကို တစ်လှမ်းချင်း အသွင်ပြောင်းဖို့လိုပါတယ်။ မူဝါဒချမှတ်ပေးဖို့လိုသလို အာဆီယံ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုအင်အားကို ရယူရမှာဖြစ်တယ်။ ဥပမာအားဖြင့် အစိုးရများအနေနဲ့ အာဆီယံနိုင်ငံများ အချင်းချင်း သာမန်နိုင်ငံကူးလက်မှတ်ကိုင် ဆောင်သူပြည်သူတွေကို ဗီဇာကင်းလွတ်စွာသွားလာနိုင်ဖို့ ဆောင်ရွက်ပေးကြသလို ပြည်သူများကလည်း ပြည်သူအချင်းချင်း ထိတွေ့မှုတွေကို ပိုမိုဆောင်ရွက် သွားကြရမှာဖြစ်တယ်။ ဒါမှသာကျွန်ုပ်တို့သည် အာဆီယံနိုင်ငံသားတွေဖြစ်တယ် ဆိုတဲ့ (We feeling) ခံယူချက်ကိုထားလာနိုင်ကြမှာဖြစ်ပါတယ်။

ဒီလိုဖြစ်လာအောင် အာဆီယံအသိုက်အဝန်းနဲ့ ရည်ရွယ်ချက်များကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူ တွေကရွေး ချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ အာဆီယံ ရဲ့ ပြည်သူ့ လွှတ်တော်များဟာလည်း အချင်းချင်းပိုမို ပူးပေါင်းဆောင်ရွက်ကြဖို့လို တယ်။ အာဆီယံအတွင်း ဥပဒေများနီးစပ်မှုရှိအောင် ပူးပေါင်းညှိနှိုင်းရေးဆွဲကြဖို့ လိုမှာ ဖြစ်တယ်။ အာဆီယံအသိုက်အဝန်းပိုမိုခိုင်မာရေးအတွက် ပြည်တွင်းဥပဒေတွေ ကို ပြဋ္ဌာန်းပေးကြရမှာဖြစ်ပါတယ်။ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ အာဆီယံ နိုင်ငံတိုင်းမှာ လွတ်လပ်တဲ့လူ့အခွင့်ရေးကော်မရှင်များကို ထူထောင်ကြပြီး အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်းပါ ရည်မှန်းချက်တွေနဲ့ နိုင်ငံတကာစံချိန်စံညွှန်း များနဲ့အညီ လူ့အခွင့်အရေးများကို စောင့်ရှောက်ပေးကြရပါလိမ့်မယ်။ ဘေး အန္တရာယ်များကျရောက်မှုများမှာ အာဆီယံနိုင်ငံအသီးသီးရဲ့အင်အားကို စုပေါင်း အသုံးချပြီး ကယ်ဆယ် ကူညီကြရပါလိမ့်မယ်။

ပညာရေးကဏ္ဍမှာ သင်ရိုးညွှန်းတမ်းတွေညှိနှိုင်းပြီး အပြန်အလှန်အသိအမှတ်ပြု ကြသလို ကျောင်းသားကျောင်းသူများအနေနဲ့ အာဆီယံနိုင်ငံမှာရှိတဲ့ ကျောင်းများ၊ တက္ကသိုလ်များမှာ အပြန်အလှန်လေ့ကျင့်သင်ယူနိုင်အောင် ဆောင်ရွက်ကြရပါလိမ့် မယ်။ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ခရီးသွားလုပ်ငန်းများမှာ တစ်ခုတည်းသော ကုန်သွယ်မှုဒေသ၊ ရင်းနှီးမြှုပ်နှံမှုဒေသနဲ့ ခရီးသည်များလာရောက်ရာဌာနဖြစ် အောင် ကြိုးပမ်းဆောင်ရွက်ကြရပါလိမ့်မယ်။ အာဆီယံရဲ့စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်ဖူလုံရေးတို့မှာ စုပေါင်းကြိုးပမ်းကြရပါလိမ့်မယ်။ အာဆီယံရဲ့ယဉ်ကျေးမှု တွေကို စုပေါင်းဖော်ထုတ် ထိန်းသိမ်းကြရပါလိမ့်မယ်။ လယ်သမား၊ အလုပ်သမား၊ ပညာရှင်၊ လူငယ်၊ အမျိုးသမီးထု၊ မသန်သော်လည်းစွမ်းသူများအနေနဲ့ အာဆီယံ မူဘောင်အတွင်းမှာ ပူးပေါင်းဆောင်ရွက်ကြရပါလိမ့်မယ်။ လူထုအခြေပြုအဖွဲ့ အစည်းများကလည်း နယ်ပယ်ပေါင်းစုံမှာ အာဆီယံအသိုက်အဝန်းကို အထောက် အကူပြုမယ့်လှုပ်ရှားမှုတွေကိုဆောင်ရွက် ပေးရမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခြင်း ဟာ အထက်ကအောက်သို့ဆိုတာထက် အောက်ကနေ အထက်သို့ချဉ်းကပ်မှု (bottom up approach)နဲ့ ဆောင်ရွက်သွားကြရာမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်မှုကြောင့် အာဆီယံပြည်သူများဟာ အာဆီယံအသိုက် အဝန်းရဲ့ အလားအလာ၊ အကျိုးကျေးဇူးတွေကို သိရှိခံစားလာကြပြီး ဘယ်သူခွဲခွဲ မကွဲတဲ့ အာဆီယံအသိုက်အဝန်းကြီးကို ဖော်ထုတ်နိုင်ကြလိမ့်မယ်လို့ ယုံကြည် ပါကြောင်း သြဂုတ် လ ၈ ရက်နေ့မှာ ကျရောက်တော့မယ့်(၄၉)နှစ်မြောက် အာဆီယံ ထူထောင်တဲ့ အာဆီယံနေ့ကြီးကို ကြိုဆိုဂုဏ်ပြုရင်းတင်ပြလိုက်ရပါတယ်။ ။

## ဒိုက်ဦးမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွား

**ဒိုက်ဦး သြဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် သြဂုတ် ၅ ရက် ညနေ ၃ နာရီခန့်က ရွှေအင်းဒုံကျေးရွာအုပ်စု လက်ပံသုံးခွကျေးရွာ၌ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ လုံးပတ်နှစ်ပေခန့်ရှိ ဆေးရိုးပင်လဲပြီး သွပ်မိုးအိမ်နှစ်လုံး အမိုးလန်ပျက်စီးသွားရာ လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# စွမ်းအင်လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့် သဘာဝဓာတ်ငွေ့ရည် (LNG)

## ကိုမျိုး(စွမ်းအင်)

ကမ္ဘာ့ဘဏ်၏ လေ့လာတွက်ချက်ထားမှုများအရ မြန်မာနိုင်ငံတွင် ရေအားသုံး၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်တစ်သိန်းကျော် ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များရှိနေကြောင်း သိရှိရသည်။ သို့သော်လည်း မြန်မာ့ရေမြေသဘာဝ ထိခိုက်နိုင်သောအခြေအနေနှင့် ပြည်သူများ၏ဆန္ဒကို အလေးထားစဉ်းစားဆောင်ရွက်နေရသည်။

ကမ္ဘာ့နိုင်ငံများတွင် ရေအား၊ ဓာတ်ငွေ့အပူစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ကျောက်မီးသွေး အစရှိသည့် လောင်စာစွမ်းအင်များကိုသုံး၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူး သုံးစွဲလျက်ရှိသည်။ ထိုသို့ လျှပ်စစ်ဓာတ်အားကို နည်းလမ်းများစွာဖြင့် ထုတ်လုပ်သုံးစွဲနေကြသော်လည်း ရေအားနှင့် ဓာတ်ငွေ့အားတို့ကိုသုံး၍ ထုတ်လုပ်ခြင်းသည် အထိရောက်ဆုံးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး နည်းလမ်းများဖြစ်ကြောင်း ပညာရှင်များ၏ အဆိုအရ သိရသည်။




LNG Carrier သင်္ဘောပုံ

**ရတနာကမ်းလွန်စီမံကိန်း**

မြန်မာနိုင်ငံတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ကို ၁၉၉၈ ခုနှစ်မှ စတင်၍ ရတနာကမ်းလွန်စီမံကိန်းဖြင့် ထုတ်လုပ်ခဲ့ပြီး ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပရောင်းချမှုတို့ကို စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းစတင်ဆောင်ရွက်စဉ်က ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးစွဲနိုင်သည့်ပမာဏမှာ ယခုအချိန်ကဲ့သို့ များစွာဖွံ့ဖြိုးတိုးတက်ခြင်း မရှိသေးသဖြင့် နိုင်ငံတော်အတွက် ပြည်ပဝင်ငွေရရှိစေရန်နှင့် စီမံကိန်းတွင် အရင်းအနှီးထည့်ဝင်ဝင်ငွေများကို ပြန်လည်ပေးဆပ်နိုင်ရန်တို့အတွက် အရင်းအနှီးစိုက်ထုတ်မည့် ကုမ္ပဏီများဖိတ်ခေါ်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရသည်။

ထို့ပြင် ပြည်တွင်းသုံးစွဲမည့်ပမာဏ၊ ပြည်ပရောင်းချမည့် ပမာဏများကို သတ်မှတ်၍ စာချုပ်များ ချုပ်ဆိုရောင်းချကာ စီမံကိန်းရင်းနှီးမြှုပ်နှံငွေများကိုလည်း ပြန်လည်ပေးဆပ်ခဲ့ပြီး နိုင်ငံတော်အတွက်လည်း ပြည်ပဝင်ငွေများစွာ ရှာဖွေပေးခဲ့သည်။

**နှစ် ၂၀ နီးပါး ကြာမြင့်လာသောအခါ**

ရတနာကမ်းလွန်စီမံကိန်းသည် နှစ် ၂၀ နီးပါး ကြာမြင့်လာပြီဖြစ်၍ ၂၀၂၀ ပြည့်နှစ်ခန့်တွင် ထုတ်လုပ်မှုကျဆင်းလာမည့် အခြေအနေများနှင့် မလွဲမသွေကြုံတွေ့ရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်အလွန်နှစ်များတွင် ဖြစ်ပေါ်လာနိုင်သည့် ဓာတ်ငွေ့ထုတ်လုပ်နိုင်မှု လျော့နည်းမည့် အခြေအနေများအပေါ်မူတည်၍ ယခုအချိန်မှစတင်ကာ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများ၊ စီမံချက်များကို စတင်ဆောင်ရွက်ရန် အထူးလိုအပ်နေပြီ ဖြစ်ပါသည်။

**ဇောတိက ကမ်းလွန်**

ယင်းဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အခြားကမ်းလွန်စီမံကိန်းများဖြစ်သော ဇောတိက ကမ်းလွန်စီမံကိန်းသည်လည်း ထုတ်လုပ်နိုင်မှု ပုံမှန်အနေအထားရှိအောင် ထိန်းသိမ်းနေရပြီး တိုးတက်ထုတ်လုပ်နိုင်မည့် အခြေအနေမရှိသည့်အပြင် ရွှေကမ်းလွန်စီမံကိန်းသည်လည်း လိုအပ်မည့် ဓာတ်ငွေ့ပမာဏကို ထပ်မံဖြည့်ဆည်းနိုင်သည်အထိ ရရှိနိုင်ခြေမရှိကြောင်းကိုလည်း ကျွမ်းကျင်သူများက ထောက်ပြထားသည်။

ယင်းအခြေအနေတွင် ကမ်းလွန်လုပ်ကွက် AD-7 တွင် သဘာဝဓာတ်ငွေ့ ခိုအောင်းလျက်ရှိသည်ကို Woodside ကုမ္ပဏီမှတွေ့ရှိခဲ့သဖြင့် သဘာဝဓာတ်ငွေ့ အသုံးပြုလိုသော ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ၊ စက်ရုံအလုပ်ရုံများအနေဖြင့် ကြိုတင်စီမံထားရန် လိုအပ်သည်။ ရရှိလာသောဓာတ်ငွေ့သည် ရေနက်ပိုင်း သဘာဝဓာတ်ငွေ့သိုက်မှ ထုတ်ယူရရှိမည့် ဓာတ်ငွေ့ဖြစ်၍ ယခုထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ကမ်းလွန်ဓာတ်ငွေ့များကဲ့သို့ သက်သာသောဈေးနှုန်းဖြင့် ရရှိမည်မဟုတ်ဘဲ ထုတ်လုပ်မှုစရိတ် ထိုက်သင့်သလောက် ကြီးမြင့်မည်ဖြစ်သောကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များကြီးမြင့်မည့် သဘာဝဓာတ်ငွေ့ဈေးနှုန်းဖြင့် သုံးစွဲနိုင်ကြရန် ကြိုတင်သိရှိပြင်ဆင်ထားနိုင်ရန် လိုအပ်သည်။ ထို့ပြင်ရရှိလာမည့် ဓာတ်ငွေ့သည် ပမာဏများပြားခဲ့ပါက ပြည်တွင်းစက်မှုလုပ်ငန်းများမှ သုံးစွဲနိုင်စွမ်းရှိရန် လည်း ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ကြိုတင်အသင့်ပြင်ထားကြရန် လိုအပ်ပါသည်။




Shell ကုမ္ပဏီ၏ Prelude FLNG ပုံ

**သဘာဝဓာတ်ငွေ့ရည်တင်သွင်းခြင်း**

ယင်းကမ်းလွန်လုပ်ကွက်မှ ဓာတ်ငွေ့ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရန် အနည်းဆုံး ၈ နှစ်မှ ၁၀ နှစ်ခန့် အထိ ကြာမြင့်နိုင်သဖြင့် ကြားကာလလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်မှာ သဘာဝဓာတ်ငွေ့ကို အရည်အသွင်သို့ ပြောင်းလဲထားသည့် သဘာဝဓာတ်ငွေ့ရည် (LNG) တင်သွင်းခြင်းသည်သာ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းဖြစ်ပါသည်။ LNG ဖြင့် တင်သွင်းနေသော သဘာဝဓာတ်ငွေ့ဈေးနှုန်းသည်လည်း လက်ရှိအသုံးပြုနေသော သဘာဝဓာတ်ငွေ့ကဲ့သို့ သက်သာသောဈေးနှုန်းဖြင့် ရရှိနိုင်မည်မဟုတ်ဘဲ အမှန်တကယ်ကုန်ကျသော ဈေးနှုန်းဖြင့် အသုံးပြုရမည်ဖြစ်ကြောင်း ပြည်တွင်းဓာတ်ငွေ့ အသုံးပြုသူများ ကြိုတင်သိရှိ၍ ပြင်ဆင်ထားကြရန် လိုအပ်ပေမည်။

**နိုင်ငံ ၁၉ နိုင်ငံက LNG ထုတ်လုပ် - ၂၉ နိုင်ငံသို့ တင်ပို့**

ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့ပိုမိုထုတ်လုပ်နိုင်သော နိုင်ငံများမှ ပိုလျှံသော သဘာဝဓာတ်ငွေ့ကို -162C (သို့) -260F အထိ အအေးခံလိုက်သောအခါ မူလထုထည်ထက် အဆ ၆၀၀ ခန့်ကျုံ့သွားပြီး အရောင်အနံ့မရှိသော သဘာဝဓာတ်ငွေ့ရည် (LNG) ရရှိလာပြီး ပိုက်လိုင်းဖြင့်ပေးပို့ရန် မဖြစ်နိုင်သော နိုင်ငံများသို့ အထူးပြုလုပ်ထားသည့် သင်္ဘောများဖြင့် တင်ပို့ရောင်းချလျက်ရှိရာ ၂၀၁၄ ခုနှစ် စာရင်းအရ ကမ္ဘာပေါ်တွင် LNG အများဆုံးတင်ပို့သော အာရှမှ ကာတာနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ အပါအဝင် ၁၉ နိုင်ငံတို့မှ LNG ကို ထုတ်လုပ်၍ ကမ္ဘာပေါ်တွင် LNG အများဆုံးတင်သွင်းအသုံးပြုသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံ အပါအဝင် ၂၉ နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဖြန့်ဖြူးမှု ပြည့်ဝစေရန်၊ တိုးမြှင့်လိုအပ်လာမည့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် တိုးတက်ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် LNG လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဖွဲ့စည်း၍ စတင်အကောင်အထည်ဖော်လျက်ရှိသည်။

**ရေနံဈေးနှုန်းကျဆင်းနေသည့်ကာလ**

ယနေ့အချိန်အခါသည် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းနေသောကာလဖြစ်သဖြင့် LNG ကို လျှော့ဈေးဖြင့် အလျှံပယ် ရောင်းချနေချိန်ဖြစ်သောကြောင့် ယင်းကာလကို အခွင့်ကောင်းယူ၍ နှစ်ရှည် ဈေးနှုန်းဖြင့် LNG ဝယ်ယူရန်အတွက် စာချုပ်ချုပ်ဆို ဆောင်ရွက်သင့်ပါသည်။

သို့မှသာ SEZ ရှိ စက်မှုလုပ်ငန်းရှင်များလည်း လျှပ်စစ်ဓာတ်အားသုံးစွဲရေးကို လျှပ်စစ်ထုတ်လုပ်သူနှင့် စာချုပ်စာတမ်းများ ချုပ်ဆိုဆောင်ရွက်ခြင်းဖြင့် ခိုင်မာသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယင်းအချိန်တွင် LNG ဖြင့်ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားခမှာလည်း ယခုကဲ့သို့ လျှော့ဈေးနှုန်းဖြင့် ဖြန့်ဖြူးရန်ဖြစ်နိုင်တော့မည်မဟုတ်ဘဲ အမှန်တကယ်ကုန်ကျသည့် တန်ဖိုးဖြင့်သာ ရယူနိုင်မည်ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ထိုင်းနိုင်ငံမှ တရားမဝင်မြန်မာနိုင်ငံသားများအား နေ့စဉ်လွှဲပြောင်းပေးဟုဆို

**တာချီလိတ် ဩဂုတ် ၆**

ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးအဖွဲ့က တရားမဝင် မြန်မာအလုပ်သမားများကို ဩဂုတ်လဆန်းမှ ယနေ့အထိ နေ့စဉ်ဆက်တိုက် လွှဲပြောင်းမှုများပြုလုပ်နေကြောင်း လူကုန် ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ သိရသည်။

အဆိုပါလွှဲပြောင်းမှုများတွင် ထိုင်းနိုင်ငံ ဒုလဝကမှူး Mana Thongsri တို့က တရားမဝင် မြန်မာအလုပ်သမားများကို ဩဂုတ် ၁ ရက်က ၁၂ ဦး၊ ဩဂုတ် ၂ ရက်က ၁၀ ဦး၊ ဩဂုတ် ၃ ရက်က ရှစ်ဦး၊ ဩဂုတ် ၄ ရက်က ၁၉ ဦး၊ ဩဂုတ် ၅ ရက်က ၂၀ စုစုပေါင်း ၆၉ ဦးတို့ကို တာချီလိတ်မြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတား၌ တာချီလိတ်ခရိုင်/မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များထံ လာရောက်လွှဲပြောင်းပေးအပ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

နေ့စဉ်လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသားများကို တာချီလိတ်မြို့မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတားအမှတ်(၁)မှ တံတားကူးလက်မှတ်ဖြင့်လည်းကောင်း၊ ထိုင်း-မြန်မာနှစ်နိုင်ငံပိုင် ရေကြောင်းမှ တရားမဝင်ဖြတ်သန်း၍လည်းကောင်း ဝင်ရောက်ပြီး တရားမဝင်နေထိုင်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စိစစ်သိရှိရ၍ လွှဲပြောင်းအလုပ်သမားများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၎င်းတို့ဆွေမျိုးများထံ ခံဝန်ဖြင့် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

"အခုလွှဲပြောင်းပေးအပ်တဲ့ မြန်မာအလုပ်သမားတွေဟာ ထိုင်းနိုင်ငံ၊ ချင်းရိုင်၊ ဖယောင်း၊ ချင်းမိုင်စတဲ့မြို့တွေက အလုပ်ရုံအတွင်း ရှောင်တခင်ဝင်ရောက်ဖမ်းဆီးခံရသူတွေ၊ မြန်မာနိုင်ငံ အပြန်လမ်းမှာ ဖမ်းဆီးခံရသူတွေ၊ ဈေးအတွင်း ဈေးဝယ်ရင်းဖမ်းဆီးခံရသူတွေ ပါဝင်ပါတယ်" ဟု လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများမှာ ယခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၅ ရက်ထိ အမျိုးသား ၁၀၂ ဦး၊ အမျိုးသမီး ၅၈ ဦး စုစုပေါင်း ၁၆၀ ရှိကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## ချောက်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ချောက် ဩဂုတ် ၆**

ချောက်မြို့နယ်၌ ရေဝတီမြစ်ရေကြီးမှုနှင့် မိုးရွာသွန်းမှုတို့ကြောင့် ရေဝင်ကာရေဘေးသင့်လျက်ရှိသော ပြည်သူများအား မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လူဦးရေ ၅၉၇၉ ဦးအတွက် ဆန်ရိက္ခာ ထောက်ပံ့ငွေကျပ် စုစုပေါင်း ၅၃၈၁၁၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဩဂုတ် ၄ ရက်က လက်ခံခဲ့ပြီး ညနေ ၅ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းက ကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်(၇)ရပ်ကွက်ရှိ အိမ်ထောင်စု ၄၇၅ စု၊ လူဦးရေ ၂၀၀၃ ဦးအတွက် ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၁၈၀၂၇၀၀ ကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။




ဆက်လက်၍ ဩဂုတ် ၅ ရက် ညနေ ၃ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး အေးလွင်၊ မြို့နယ်စည်ပင် AE ဦးခိုင်ဇော်မိုးနှင့် မြို့မိမြို့ဖ ဦးဝင်းနိုင်တို့သည် ကျန်ရှိသော ရေဘေးသင့်ကျေးရွာများသို့ စုစုပေါင်း ရိက္ခာထောက်ပံ့ငွေကျပ် ၃၅၇၁၂၀၀ ကို ကျေးရွာနေပြည်သူများထံ အရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

## ကျေးရွာမြေငှားဂရန် ပေးအပ်

**သာယာဝတီ ဩဂုတ် ၆**

သာယာဝတီမြို့နယ် မကျီးကွင်းကျေးရွာ အုပ်စု လိပ်အင်းမင်းလမ်းကျေးရွာ၌ ဩဂုတ် ၁ ရက်က ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားတွင် သာယာဝတီခရိုင် (ခရိုင်ကောလိပ်တော်အရာရှိ) ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးတို့က ပြည်သူ ၃၉ ဦးအား မြေငှားဂရန် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ် ပါလှဲ့-ကုက္ကိုဝရေကာတာ တာဝကျေးရွာတွင် ပေ ၂၀ ခန့် အိကျသွားသော်လည်း အချိန်မီထိန်းသိမ်းကာကွယ်နိုင်

**ညောင်တုန်း ဩဂုတ် ၆**

ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ရေသည် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်ဖြစ်သည့် ၂၂ ဒသမ ၅ ပေအထက် ကျော်လွန်ကာ ဩဂုတ် ၆ ရက်က ၂၆ ဒသမ ၃ ပေ သို့ ရောက်ရှိသွားရာ စိုးရိမ်ရေမှတ်အထက် ၃ ဒသမ ၈ ပေ ကျော်လွန်ရောက်ရှိသွားကြောင်း သိရသည်။

ဧရာဝတီမြစ်ရေနှင့် ပန်းလှိုင်မြစ်ရေ အဆမတန်တိုးနေမှုကြောင့် ညောင်တုန်းမြို့နယ် စံကင်းကျွန်းကို အကာအကွယ်ပေးထားသော ပါလှဲ့-ကုက္ကိုဝရေကာတာမှ တာဝကျေးရွာ၌ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ပေ ၂၀ ခန့် ရေကာတာအိကျသွားရာ မြို့နယ်တာဝန်ရှိသူများ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် NGO များ၊ ကျေးလက်ဒေသမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ကျော်က အချိန်မီ ပိတ်ဆို့ကာကွယ်နိုင်ခဲ့သည်။

မြစ်ရေများ အဆမတန်မြင့်တက်မှုကြောင့် ညောင်တုန်းမြို့နယ်အတွင်းရှိ ရေကာတာများ ရေကျော်မှု၊ တာအိကျမှုများဖြစ်သော်လည်း အချိန်မီထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်နိုင်လျက်ရှိကြောင်း သိရသည်။ ရေကာတာပြင်ပရှိ လူနေအိမ်များ ရေမြုပ်မှုများရှိရာ ရေလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးလျက်ရှိပြီး ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် တိုင်းဒေသကြီး ဝန်ကြီးများ ညောင်တုန်းမြို့သို့ ရောက်ရှိလာပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မအူပင်ခရိုင်အတွင်း လတ်တလော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အလှူငွေကျပ် သိန်း ၂၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**





**ပေါက်ခေါင်းမြို့နယ် အမှတ် (၃) ရပ်ကွက်ရှိ လေးမျက်နှာစေတီတော်ကြီးအနီးရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ရင်ပြင်တော်ပေါ်ရှိ ကြွေပြားများသန့်ရှင်းရေး ပြုလုပ်ခြင်းများကို ဩဂုတ် ၆ ရက်က မြို့နယ်ယာယီရဲမှူး ဗညားအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်**
ဥမ္မာကျော်(ပြန်/ဆက်)

## ဧရာဝတီမြစ်ရေ ဝင်ရောက်သည့် ကျေးရွာမှပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**ဆိပ်ဖြူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှအဖွဲ့သည် ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသည့် မြင်ကဝကျေးရွာအုပ်စု ကျီးပင်ကျေးရွာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဩဂုတ် ၅ ရက် နံနက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့တင်ပြချက်များအပေါ် မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့ကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ ဆရာဝန်ကြီး ဒေါက်တာ ကျော်ကျော်တို့၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၅ ရက် နံနက်က မြင်ကဝကျေးရွာအုပ်စု ကျီးပင်ကျေးရွာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အောက်ဆိပ်ကျေးလက် ကျန်းမာရေးဌာနမှ ဆရာ၊ ဆရာမများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် စက်တပ်လှေဖြင့်သွားရောက်၍ ကျီးပင်ကျေးရွာ ဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၆၇၇ | ၁.၂၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၇၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၃၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး- အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၅၀' |
| ၅။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၁.၃၀' |
| ၆။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၀.၄၀' |
| ၇။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၀.၅၀' |
| ၈။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၉၉' |
| ၉။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၈၀' |
| ၁၀။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁.၆၀' |
| ၁၁။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၇.၀၀' |
| ၁၂။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀.၉၀' |
| ၁၃။ | ရင်းရှည်ရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၂၆၀၀ | ၀.၅၀' |
| ၁၄။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၈.၁၀' |
| ၁၅။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၇၀' |
| ၁၆။ | မဒေးရေလှောင်တမံ | မကွေး- ကံမမြို့ | ၅၃၉၀၈ | ၀.၃၀' |
| ၁၇။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၃၀' |
| ၁၈။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၅၀' |
| ၁၉။ | ကွန်ချောင်းရေလှောင်တမံ | ဧရာဝတီ-ကြံခင်းမြို့ | ၉၈၄၀၀ | ၀.၃၀' |
| ၂၀။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၁.၅၀' |
| ၂၁။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၄၀' |

(သတင်းစဉ်)

# ရသားရေလွှဲဆည်ရေကျော်သဖြင့် မူးတိမ်အလယ်ချောင်း နှစ်နေရာကျိုးပြတ်

**ခင်ဦး ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဩဂုတ် ၆ ရက်က မူးတိမ်အလယ်ချောင်းမှာ နှစ်နေရာ ကျိုးပြတ်သွားခဲ့သည်။ **(အောက်ပုံ)**

မူးတိမ်အလယ်ချောင်း ကျိုးပြတ်ရခြင်းသည် ရသားရေလွှဲဆည်မှာ ရစ်ပေခွဲကျော်ပြီး ငါးရုံကြီးရေဆိုးချောင်းမှ ရေများဝင်ရောက်သဖြင့် ယခင်နှစ်ထက် အနည်းငယ် ကျိုးပြတ်ခဲ့သည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

မူးတိမ်အလယ်ချောင်း ကျိုးပြတ်သဖြင့် နွေစပါးမရိတ်သေးသည့် လယ်ကွက်များ၊ မိုးစပါးစိုက်ပျိုးရန် ပျိုးထောင်ထားသော ပျိုးခင်းများ ရေလွှမ်းခဲ့ကြောင်း၊ တစ်ရက်၊ နှစ်ရက်အတွင်း ရေကျသွားပါက ပျက်စီးမှုမရှိနိုင်ကြောင်း သာဝတ္တိကျေးရွာ တောင်သူ ဦးအောင်ဆန်းက ပြောသည်။

အဆိုပါ ကျိုးပြတ်သည့်နေရာများသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးသန့်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။ မူးတိမ်ချောင်းပေါ်တွင် ရေကျော်သောနေရာများနှင့် ကျိုးပြတ်နိုင်သောနေရာများကို မြို့နယ်ရဲတပ်ဖွဲ့က မျောတိုင်များ၊ သဲအိတ်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**



# ပေါင်းမကျီးချောင်း ရေကျော်ပျက်စီးမှုအား ပြုပြင်လျက်ရှိ

**စလင်း ဩဂုတ် ၆**

မင်းဘူးခရိုင် စလင်းမြို့နယ် ကံပြားကျေးရွာအနီး စလင်း-စေတုတ္တရာ ဆက်သွယ်သည့်လမ်းမှ မိုင်တိုင်အမှတ် (၁၉) ပေါင်းမကျီးချောင်း ရေသည် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကျော်ပျက်စီးပြိုကျခဲ့ရာ မြို့နယ်လမ်းဦးစီးဌာနက ဩဂုတ် ၅ ရက်က ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ကျောက်ကြီးများချ၍ အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# တက္ကသိုလ်ကျောင်းသား ၅၅၀ အား ပေါက်ဖော်ပညာသင်ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး အတွင်း တက္ကသိုလ်ကြီးလေးခုမှ ပထမနှစ် တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၅၅၀ အား တရုတ်နိုင်ငံ၏ NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမွဲတေမှု လျှော့ချရေးဖောင်ဒေးရှင်း (CFPA) က ပေါက်ဖော်ပညာသင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက်က ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ သိန်းဝင်းက "ကျွန်တော်တို့ ဒီပေါက်ဖော်ပညာသင်ဆုဟာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုသာမက မြန်မာနိုင်ငံမှာ ပညာသင်ကြားနေတဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေရဲ့ အနာဂတ်ပညာရေးအတွက် များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့အတူ တရုတ်သံမှူးကြီး Mr. Chen Chen ကလည်း "ဒီကနေ့ အခမ်းအနားဟာ မြန်မာကျောင်းသားကျောင်းသူတွေအတွက် ရည်ရွယ်ပါတယ်။ လူငယ်တွေဟာ ကျွန်တော်တို့ရဲ့အနာဂတ်ဖြစ်ပြီး တရုတ်-မြန်မာချစ်ကြည်ရေးရဲ့မျှော်လင့်ချက်ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ပေါက်ဖော်ပညာသင်ဆုရရှိသော ကျောင်းသား ကျောင်းသူများမှာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ၁၀၀၊ အနောက်ပိုင်းတက္ကသိုလ်မှ ၁၀၀၊ ဒဂုံတက္ကသိုလ်မှ ၁၇၅ ဦးနှင့် စီးပွားရေးတက္ကသိုလ်မှ ၁၇၅ ဦးဖြစ်ကြောင်း၊ ၎င်းတို့သည် ယခုပညာသင်နှစ်ပထမနှစ်မှစပြီး လေးနှစ်ဆက်တိုက် ပညာသင်ဆုအဖြစ် တစ်ဦးလျှင် တစ်လငွေကျပ် ၃၀၀၀၀ ဖြင့် ပညာသင်နှစ် တစ်နှစ်အတွက် ၁၀ လစာ ငွေကျပ် ၃၀၀၀၀၀ ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပညာသင်ဆုကို ငွေကြေးအခက်အခဲရှိသော ကျောင်းသား ကျောင်းသူများ၊ မိကွဲဖကွဲအခြေအနေဖြင့် ကြုံတွေ့နေရသော ကျောင်းသား ကျောင်းသူများကို ၎င်းတို့တက္ကသိုလ်တာဝန်ရှိသူများက စိစစ်ရွေးချယ်ပေးခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။



အဆိုပါ ပေါက်ဖော်ပညာသင်ဆုကို ယမန်နှစ်က ဒဂုံတက္ကသိုလ်မှ ၂၅ ဦးနှင့် စီးပွားရေးတက္ကသိုလ်မှ ၂၅ ဦး စုစုပေါင်း ၅၀ အား ပထမဆုံးအကြိမ်အဖြစ် ပေးအပ်ခဲ့ရာမှ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူအရေအတွက် ၅၅၀ အထိ တိုးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ ယင်းပညာသင်ဆု ပေးအပ်ပွဲနှင့်အတူ မြန်မာနိုင်ငံပညာရေးကို ထိရောက်စွာ ကူညီပေးရန်အတွက် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမွဲတေမှုလျှော့ချရေးဖောင်ဒေးရှင်း (CFPA) မြန်မာနိုင်ငံရုံးကိုလည်း ထူထောင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ခံနိုင်ဝန်ထက်ကျော်လွန်သည့် မော်တော်ယာဉ်များဖြတ်သန်းမောင်းခြင်းမပြုနိုင်ရန် တံတားထိပ်နှစ်ဖက်တွင် သံပေါင်ကိုင်းများတပ်ဆင်

**မိတ္ထီလာ ဩဂုတ် ၆**

မိတ္ထီလာမြို့ ရွှေစစ်သည်ကျေးရွာသွားလမ်းမပေါ်ရှိ ကျောက်ဖူးထိပ်တံတားသစ်အား ခံနိုင်ဝန်ထက်ကျော်လွန်သည့် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်းမပြုနိုင်ရန် တံတားထိပ်နှစ်ဖက်တွင် သံပေါင်ကိုင်းများ တပ်ဆင်ထားရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့်က ပြောသည်။

"ရွှေစစ်သည်ကျေးရွာလမ်း ခံနိုင်ဝန်က ၁၃ တန်ဖြစ်ပြီး ကျောက်ဖူးထိပ်တံတားသစ်ရဲ့ ခံနိုင်ဝန်ကခြောက်တန်ပဲဖြစ်ပါတယ်။ တံတားပေါ်ကို ဖြတ်သန်းမယ့် မော်တော်ယာဉ်တွေအနေနဲ့ တံတားခံနိုင်ဝန်ထက်ကျော်လွန်ပြီး ကုန်တွေတင်ဆောင်မောင်းနှင်တာမျိုး မပြုနိုင်အောင် တံတားထိပ်နှစ်ဖက်မှာ သံပေါင်ကိုင်းများ တပ်ဆင်ထားရှိပြီး ဒီတံတားကို တည်ဆောက်ထားတာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။



မိတ္ထီလာမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်းပေါ်တွင်ရှိသည့် ချောင်းကူးတံတားများမှလွဲ၍ ကျေးလက်ချောင်းကူးတံတားများ တည်ဆောက်ရာတွင် တံတားခံနိုင်ဝန်ထက် ကျော်လွန်သည့် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်းမပြုနိုင်ရန် တံတားထိပ်နှစ်ဖက်တွင် သံပေါင်များတပ်ခြင်းကို ကျောက်ဖူးထိပ်တံတားတွင် ပထမဆုံးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ပန်းရောင်ကတ်ကိုင်ဆောင်ထားသူတိုင်း မြန်မာသံရုံးမှာ ပတ်စ်ပို့ (သို့မဟုတ်) CI စာအုပ် လျှောက်ထားနိုင်

**ဗန်ကောက် ဩဂုတ် ၆**

ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် ပန်းရောင်ကတ်ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ မြန်မာသံရုံးတွင် ပတ်စပို့(သို့မဟုတ်) CI စာအုပ် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ဩဂုတ် ၄ ရက်က သိရသည်။

လျှောက်ထားရာတွင် ပန်းရောင်ကတ် လက်ရှိကိုင်ဆောင်ထားသူများသည် မြန်မာနိုင်ငံအိမ်ထောင်စုစာရင်း၊ မြန်မာနိုင်ငံမှတ်ပုံတင်နှင့် ပန်းရောင်ကတ်စသည့် သက်သေခံအချက်အလက်သုံးခု လက်ဝယ်ရှိရမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင် မရှိသေးသောသူများအနေဖြင့် မြန်မာသံရုံးမှ CI (မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံလက်မှတ်) အစိမ်းရောင်စာအုပ်ကို ပြုလုပ်ရန်လိုအပ်ကြောင်း၊ CI စာအုပ် အစိမ်းရောင်ရရှိပြီး နိုင်ငံကူးစာအုပ်(ပတ်စ်ပို့)ကို ထပ်မံဖောင်ဖြည့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ CI စာအုပ်ရရှိထားပါက အခြားမြို့များသို့ အလည်အပတ်ခရီးထွက်ခွာခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအတွက် ကုန်ကျစရိတ်အဖြစ် CIစာအုပ်အတွက် ဘတ် ၆၀၀၊ ပတ်စ်ပို့စာအုပ်အတွက် ဘတ် ၁၅၀၀၊ ပတ်စ်ပို့စာအုပ်ရပြီးနောက် ဗီဇာကိုထိုင်းလဝကရုံးတွင် ပြန်လျှောက်ရမည်ဖြစ်ပြီး ဗီဇာအတွက် နှစ်နှစ်စာကို ဘတ် ၅၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းလဝကဌာနမှ ပန်းရောင်ကတ်သက်တမ်းအတိုင်း ပတ်စ်ပို့စာအုပ်တွင် ဗီဇာထုပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရှိသူများ CI စာအုပ် ထုတ်စရာမလိုတော့ဘဲ တိုက်ရိုက်ပတ်စ်ပို့ (စာအုပ်ကြီး) လျှောက် ထားနိုင်သဖြင့် CI အစိမ်းရောင်စာအုပ်အတွက် ကုန်ကျစရိတ် ဘတ် ၆၀၀ သက်သာမည်ဖြစ်ကြောင်း ပန်းရောင်ကတ်သက်တမ်းမတိုးရသေးသည့်သူများနှင့် ယာယီပတ်စ်ပို့စာအုပ်များကိုင်ထားပြီး ပန်းရောင်ကတ်မရိုက်လိုက်ရသေးသူများ ယခုပြုလုပ်ပေးမည့် CI ထုတ်ပေးခြင်းနှင့် ပတ်စ်ပို့စာအုပ်ကြီးထုတ်ပေးမည့် အစီအစဉ်တွင် အကြုံးမဝင်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကြောင့် ပန်းရောင်ကတ်သက်တမ်းတိုးထားသူများ၊ ယာယီပတ်စ်ပို့မှ ပန်းရောင်ကတ်ပြောင်းထားပြီးပတ်စ်ပို့စာအုပ်ကြီး ကိုင်ဆောင်ချင်သူ မြန်မာရွှေ့ပြောင်းအလုပ်သမားများ အဆင်ပြေလာနိုင်ကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းကျန်းမာရေးစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးဝင်းအတွင်းဖွင့်လှစ်သော မေတ္တာစမ်းရေမူကြိုကျောင်းမှ ကလေးများအား ကျန်းမာရေးစစ်ဆေးခြင်းကို ဩဂုတ် ၄ ရက်က ဆောင်ရွက်ခဲ့သည်။

ကျောင်းကျန်းမာရေးစစ်ဆေးခြင်း အစီအစဉ်တွင် ဂျပန်နိုင်ငံ Sun Star ကုမ္ပဏီက သွားတိုက်ဆေးနှင့် သွားပွတ်တံများလှူဒါန်းခြင်း၊ သွားတိုက်နည်းပြသခြင်းနှင့် သွားရောဂါစစ်ဆေးပေးခြင်း၊ အထွေထွေကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် အာဟာရချို့တဲ့သောကလေးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ဆောင်ရွက်ခြင်းများ ပါဝင်ပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းကို ထိုင်းနိုင်ငံ WHO Expert ဖြစ်သော Prof. Prathip နှင့်အဖွဲ့၊ နေပြည်တော် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီး သွားနှင့်ခံတွင်းဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်နှင့်အဖွဲ့၊ IPPF Projectမှ ဒေါက်တာ ကိုကိုမော်နှင့်အဖွဲ့၊ မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်နှင့် လက်ထောက်ဆရာဝန်များက ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးစစ်ဆေးပေးခြင်း ဆောင်ရွက်မှုများကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအစီအမံ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**စစ်တွေ ဩဂုတ် ၆**

ရခိုင်ပြည်နယ်၏ ၅ နှစ်တာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအစီအမံ (၂၀၁၇ -၂၀၂၁) အစီအစဉ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်က ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien က အမှာစကားပြောကြားပြီး ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်သည့် ရည်ရွယ်ချက်များနှင့် မျှော်မှန်းသည့်ရလဒ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအစီအမံနှင့်ပတ်သက်၍ ပြည်နယ်အစိုးရ၏ မျှော်မှန်းချက်များအား Power Point Presentation ဖြင့် ရှင်းလင်းပြောကြားပြီး Renaissance Institute မှ ဦးဌေးဝင်းက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအစီအမံအတွက် ဆောင်ရွက်မည့်နည်းလမ်းများအား ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် နိုင်ငံတကာမှပညာရှင်များ၊ ပြည်တွင်းမှပညာရှင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နည်းပညာကျွမ်းကျင်သူများအဖွဲ့ နှင့် တက်ရောက်လာကြသူများက Conflict Sensitive Planning, Data Collection and Statistics For Needs Assessment, Monitoring & Evaluation and Result-Based Management, Governance Aspect Planning နှင့် အမေးအဖြေကဏ္ဍများအား ဆွေးနွေးကြပြီး ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက အဖွဲ့လိုက်ဆောင်ရွက်ရမည့်အချက် များနှင့် အဖွဲ့များ၏တာဝန်များအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ကုလလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ Renaissance Institute နှင့် ရခိုင်သဟာယအသင်းမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရီယိုအိုလံပစ်အားကစားပြိုင်ပွဲဖွင့်လှစ်

**ရီယိုဒီဂျနေရိုး ဩဂုတ် ၆**

၂၀၁၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲဖွင့်ပွဲကို ဘရာဇီးနိုင်ငံရီယိုဒီဂျနေရိုး၌ ဩဂုတ် ၅ ရက်ကကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၀၅ နိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၁၇ ရက်ကြာ ကျင်းပမည်ဖြစ်သည်။ တောင်အမေရိကနိုင်ငံတစ်နိုင်ငံ၌ ပထမဦးဆုံးအကြိမ်အဖြစ် နွေရာသီအိုလံပစ်အားကစားပြိုင်ပွဲကို လက်ခံကျင်းပခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို သောကြာနေ့က မာရာကာနာအားကစားရုံကြီး၌ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘရာဇီးနိုင်ငံ၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုကို ဖော်ကျူးသည့် ကပြဖျော်ဖြေမှုများဖြင့် တင်ဆက်ခဲ့သည်။ အားကစားသမား ၁၀၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဘရာဇီးနိုင်ငံ၏ ယာယီသမ္မတ မိုက်ကယ်တမ်မာက အားကစားပြိုင်ပွဲကို ဖွင့်လှစ်ကြောင်းကြေညာခဲ့သည်။

၂၀၀၄ ခုနှစ် အေသင်မြို့၌ ကျင်းပခဲ့သည့်အားကစားပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သည့် ဘရာဇီးနိုင်ငံသား မာရသွန်အပြေးသမား ဗန်ဒါလာဒီလိုင်မာက အိုလံပစ်မီးရှူးတိုင်ကို လက်ခံယူခဲ့ပြီး မီးထွန်းညှိခဲ့သည်။ မီးရှူးတိုင်ကို ဧပြီလက ဂရိနိုင်ငံ၌ မီးထွန်းညှိခဲ့ပြီး ဘရာဇီးနိုင်ငံသို့ သယ်ဆောင်လာခဲ့သည်။ အပြေးသမား ၁၀၀၀၀ က အိုလံပစ်မီးရှူးတိုင်ကိုသယ်ဆောင်ရာတွင် ပါဝင်ခဲ့ကြသည်။

**(အင်န်အိတ်ချ်ကေ)**



# မွေးနေ့ပါတီကျင်းပရာမှ မီးလောင်ကျွမ်းပြီး လူ ၁၃ ဦးသေဆုံး

**ပါရီ ဩဂုတ် ၆**

ပြင်သစ်နိုင်ငံ မြောက်ပိုင်းမြို့ Rouen ရှိ စားသောက်ဆိုင်၌ စနေနေ့က မွေးနေ့ပွဲပါတီ ကျင်းပစဉ် မီးလောင်ကျွမ်းခဲ့ရာ လူ ၁၃ ဦးသေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။

မွေးနေ့ကိတ်ပေါ်ရှိ ဖယောင်းတိုင်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ အခန်း၌ မျက်နှာကြက်များ မီးလောင်ကျွမ်းသွားခဲ့သည်ဟု အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။ မီးသတ်သမား ၅၀ ခန့် မီးငြှိမ်းသတ်ခဲ့ရပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု




ပြည်ထဲရေးဝန်ကြီးက ပြောသည်။

သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရသူများမှာ အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြား လူငယ်များဖြစ်သည်ဟု ပြင်သစ်သတင်းဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။ မီးလောင်ကျွမ်းရာတွင် မျက်နှာကြက်မှ ထွက်ပေါ်လာသည့်အငွေ့များကြောင့် အဆိပ်မိကာ သေဆုံးရခြင်းဖြစ်ကြောင်း အရာရှိတစ်ဦးက အေအက်ဖ်ပီသို့ပြောကြားသည်။ လူအများအပြားမှာ မီးလောင်ကျွမ်းရာအခန်းမှရုန်းမထွက်နိုင်ဘဲ ပိတ်မိပြီး မွန်းကျပ်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြင်သစ်ဝန်ကြီးချုပ်ကလည်း ဝမ်းနည်းကြောင်း ပြောခဲ့သည်။ မီးသတ်သမားများ၏ လျင်မြန်စွာ တုံ့ပြန်လှုပ်ရှားနိုင်မှုကိုလည်း အာဏာပိုင်များက ချီးမွမ်းကြသည်။

**(ဘီဘီစီ)**

# အိန္ဒိယနိုင်ငံ အာသံအရှေ့မြောက်ဘက် ဈေးထဲတွင် တိုက်ခိုက်မှုဖြစ်ပွား

**အာသံ ဩဂုတ် ၆**

ဩဂုတ် ၅ ရက်က လက်နက်ကိုင်လူတစ်စုသည် အိန္ဒိယနိုင်ငံ အာသံအရှေ့မြောက်ဘက် လူထူထပ်ရာ ဈေးထဲတွင် တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၈ ဦး ဒဏ်ရာရရှိသွားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ လက်နက်ကိုင်အုပ်စုတွင် သေနတ်များအပြင် လက်ပစ်ဗုံးများလည်းပါရှိကြောင်း သိရသည်။

ရဲများက အခင်းဖြစ်နေရာသို့ ရောက်ရှိလာကြပြီး ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်အကြမ်းဖက်သမားတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ကျန်သူများမှာ ထွက်ပြေးလွတ်မြောက်နေသောကြောင့် ရဲတပ်ဖွဲ့က အပူတပြင်းရှာဖွေလျက်ရှိသည်။

ထိုဖြစ်စဉ်တွင် ဘိုဒိုမျိုးနွယ်စု အကြမ်းဖက်တိုက်ခိုက်ရေးသမားများ လက်ချက်ဖြစ်မည်ဟု ရဲအဖွဲ့က သံသယရှိခဲ့သည်။ ဘိုဒိုသူပုန်များသည် အိန္ဒိယမှ ခွဲထွက်ရန်ကြိုးစားနေသူများဖြစ်သည်။ ၂၀၁၄ ခုနှစ်က ဘိုဒိုဒေသလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်သည့်အနေဖြင့် ရွာများကိုတိုက်ခိုက်ခဲ့သည့်အပြင် လူပေါင်း ၆၀ ကျော်ကိုလည်း သတ်ဖြတ်ခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက အိန္ဒိယ၏အရှေ့မြောက်ဘက်ကို မြန်မာနိုင်ငံနှင့်သာမက အခြား အာဆီယံနိုင်ငံများနှင့် ထိစပ်နေသည့် မဟာဗျူဟာမြောက် နေရာတစ်ခုအဖြစ် ရှုမြင်ခဲ့သည်။ ယင်းနေရာတွင် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် မိုဒီအနေဖြင့် ထောက်ပံ့မှုများ ပြုလုပ်လျက်ရှိသည်။ သို့သော်လည်း ခွဲထွက်လိုသည့် လူမျိုးစုသူပုန်များက ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် လက်နက်ကိုင်စွဲတိုက်ပွဲဝင်လျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယိုဂူတာရက်စ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ဖြစ်ရန် ရေပန်းစားလျက်ရှိ

**ဂျီနီဗာ ဩဂုတ် ၆**

ယခင်ပေါ်တူဂီ ဝန်ကြီးချုပ်ဟောင်း အန်တိုနီယို ဂူတာရက်စ်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အသစ်ဖြစ်ရန် ရေပန်းစားလျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဩဂုတ် ၅ ရက်တွင် ကုလသမဂ္ဂအဖြစ် ရွေးချယ်ထားသူ ၁၁ ဦးအား ဒုတိယအကြိမ်မြောက် တံခါးပိတ်မဲပေးဆောင်ရွက်မှုကို ပြုလုပ်ခဲ့သည်။

ကောင်စီအဖွဲ့ဝင်များက ကုသမဂ္ဂ အတွင်းရေးမှူးချုပ်ရွေးချယ်ခံတစ်ဦးချင်းစီအတွက် ကြိုက်၊ မကြိုက်၊ မဲပေးခွင့်ရှိကြောင်း သိရသည်။ ဂူတာရက်စ်သည် ယခင်က မဲအများဆုံးဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ပထမအကြိမ်ရွေးချယ်ခံထားရပြီးဖြစ်သည်။ ယခုတစ်ဖန် မဲပေးမှုတွင်လည်း ဂူတာရက်စ်အနေဖြင့် ကြိုက်မဲ ၁၁ မဲဖြင့် အသာစီးရလျက်ရှိကြောင်း ကုလသမဂ္ဂသံတမန်အသိုင်းအဝိုင်းအရ သိရသည်။

လုံခြုံရေးကောင်စီအနေဖြင့် ရွေးချယ်ခံများကို စိစစ်ရွေးချယ်မှုများပြုလုပ်သွားမည်ဖြစ်ပြီး နောက်ဆုံးတစ်ဦးတည်းကျန်သည်အထိ မဲပေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အိုင်အက်စ်တို့ ပြည်တွင်းရွှေ့ပြောင်းသူ ၃၀၀၀ ကို ဖမ်းဆီး

**ဂျီနီဗာ ဩဂုတ် ၆**

အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမားများသည် ဟာဝီဂပြည်နယ် တောရွာများမှ ကာကက်မြို့သို့ထွက်ပြေးရန်ကြိုးစားနေသည့် ပြည်တွင်းရွှေ့ပြောင်းသူ (ထွက်ပြေးတိမ်းရှောင်နေသူ) အီရတ်ရွာသား ၃၀၀၀ ကို ဩဂုတ် ၄ ရက်က ဖမ်းဆီးခဲ့ပြီး ၁၂ ဦးကို ခေါင်းဖြတ်သတ်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီဖြစ်သော ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ အီရတ်တွင် ဖြစ်ပျက်နေသော အကြောင်းအရာများကို ဖော်ပြသည့် နေ့စဉ်အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမား ၁၀၀၊ ၁၂၀ ခန့်က အရပ်သား ၁၉၀၀ ကိုဖမ်းဆီးခဲ့သည်ဟု အီရတ်လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့များ၏ ထုတ်ပြန်ကြေညာချက်အပြီးတွင် ယခုအစီရင်ခံစာထွက်ပေါ်လာခြင်းဖြစ်သည်။

ဖမ်းဆီးခံထားရသူများကို အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့်တိုက်ပွဲဖြစ်ပါက ဓားစာခံအဖြစ်အသုံးပြုမည်ဖြစ်သည်။ ထို့အပြင် အရပ်သား ၁၀ ဦးထက်မနည်းကို ခေါင်းဖြတ်သတ်ခဲ့ပြီး ခြောက်ဦးကို မီးရှို့ခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် မဟာမိတ်တပ်ဖွဲ့များနှင့် အီရတ်နှင့်ဆီးရီးယားရှိ အိုင်အက်စ်အကြမ်းဖက်သမားများကို လေကြောင်းချီ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ယင်းဒေသများတွင် အိုင်အက်စ်အကြမ်းဖက်သမားများသည် ၂၀၁၄ ခုနှစ်ကတည်းက နယ်မြေအတော်များများကို သိမ်းယူခဲ့သည်။ ၂၀၁၆ ဇူလိုင်လအထိ တိုက်ပွဲများကြောင့် အီရတ်တွင် လူပေါင်း ၃ ဒသမ ၄ သန်း ပြောင်းရွှေ့ခဲ့ရသည်။

အိုင်အက်စ်တို့၏ သိမ်းပိုက်ထားသောနေရာအချို့ကို ဆုံးရှုံးခဲ့သော်လည်း ၄င်းတို့သည် အီရတ်ရှိ မိုဆူးလ်နှင့် ဆီးရီးယားရှိ ရက်ဂွာမြို့တို့ကို ဆက်လက်ထိန်းချုပ်ရန်ကြိုးစားနေဆဲဖြစ်သည်။

**(ရိုက်တာ)**



# ပထဝီနိုင်ငံရေးအရအရေးပါသည့် မဟာမိတ်နိုင်ငံကို အမေရိကန်တို့လက်လွှတ်ရတော့မှာလား

## ခြူးစန္ဒီနွေး

**ဇူလိုင်လ ၁၅ ရက်နေ့က တူရကီနိုင်ငံ၌ အာဏာသိမ်းမှု ဖြစ်ပွားခဲ့သည်။ အာဏာသိမ်းရန် ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့သော်လည်း နောက်ဆက်တွဲ ဂယက်များစွာ ရိုက်ခတ်ခဲ့သည်။ အမေရိကန်၌အခြေစိုက်နေထိုင်နေသော တူရကီဘာသာရေးခေါင်းဆောင် ဖက်ထူလာဂူလန်ကို တူရကီအာဏာပိုင်များက အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် နောက်ကွယ်မှ ကြိုးကိုင်သူဟု စွပ်စွဲကြသည်။**



ဖက်ထူလာဂူလန်၏ ရှေ့နေများသည် တူရကီနိုင်ငံ၌ အာဏာသိမ်းမှု မအောင်မြင်ဖြစ်ခဲ့ပြီးနောက် ၎င်းတို့အမှုသည်၏ အသက်အန္တရာယ်အတွက်စိုးရိမ်နေရကြောင်း ပြောကြားသည်။ တူရကီအာဏာပိုင်များက မစ္စတာ ဂူလန်အား လွှဲပြောင်းပေးအပ်ရေး အမေရိကန်တို့ကို တောင်းဆိုခဲ့သည်။

မစ္စတာ ဂူလန်ကမူ အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် ၎င်း၏ပယောဂ မပါဝင်ဟုငြင်းဆိုခဲ့သည်။ သမ္မတ အာဒိုဂန် ဦးဆောင်သော အစိုးရအဖွဲ့သည်အာဏာသိမ်းရန်ကြိုးပမ်းရာတွင် ပါဝင်ခဲ့သူများကိုဖမ်းဆီးမှုများ အကြီးအကျယ်ပြုလုပ်ခဲ့သည်။ အရာရှိကြီးအချို့ကိုလည်းရာထူးမှ ထုတ်ပယ်ခဲ့သည်။ သောကြာနေ့ကလည်း AK ပါတီမှ အုပ်ချုပ်သူများသည် မစ္စတာ ဂူလန်ကိုထောက်ခံသူများအား ဖယ်ရှားရှင်းလင်းရန် အမိန့်ပေးခဲ့သည်။ မအောင်မြင်သည့် အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် လူပေါင်း ၂၇၀ ကျော်သေဆုံးခဲ့ရသည်။

သမ္မတအာဒိုဂန်ကိုလည်းလွန်ခဲ့သော နှစ်များအတွင်း မီဒီယာများနှင့်လူမှုအဖွဲ့အစည်းများကိုဖိနှိပ်သည်ဟူ၍လည်းကောင်း၊ ဆီးရီးယားရှိ စစ်သွေးကြွအုပ်စုများကို ထောက်ပံ့သည်ဟုလည်းကောင်း၊ တိုင်းပြည်အတွင်းရှိ ကာ့ဒ်လူမျိုးများနှင့်ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကတိကဝတ်များချိုးဖောက်သည်ဟူ၍လည်းကောင်း ဝေဖန်မှုများ ရှိခဲ့သည်။ တူရကီနိုင်ငံအတွင်း နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများ မည်သို့ဆက်ဖြစ်လာမည်နည်း။

ဝါရှင်တန်၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ မစ္စတာဂူလန်၏ ရှေ့နေများက ၎င်းကို ပြည်နှင်ဒဏ်ပေးခံရသည့် ပင်ဆယ်ဗေးနီးယား၌သာ ဆက်လက်နေထိုင်သင့်ကြောင်း၊ ထိုဒေသမှ ထွက်ခွာရန် မကြိုးပမ်းသင့်ဟု ပြောဆိုခဲ့ကြသည်။

မစ္စတာဂူလန်သည် တစ်ကိုယ်တည်း နေထိုင်သူဖြစ်ပြီး မီဒီယာများနှင့် ဆက်သွယ်ဖြေကြားမှုပြုလုပ်ခြင်းမှာ မရှိသလောက်နည်းပါးသည်။ တူရကီတို့သည် မစ္စတာဂူလန်ကို လွှဲပြောင်းပေးရေး ချက်ချင်းတောင်းဆိုမှုများပြုလုပ်ခဲ့သော်လည်း အမေရိကန်တို့ဘက်မှ တစ်စုံတစ်ရာ လှုပ်ရှားမှုများ မပြုလုပ်ခဲ့သည့်အတွက် တူရကီနှင့်အမေရိကန် ဆက်ဆံရေးမှာ တင်းမာသလိုဖြစ်လာခဲ့သည်။ တူရကီသည် အမေရိကန်နိုင်ငံ၏ ခေါင်းခဲစရာ မဟာမိတ်နိုင်ငံအဖြစ် အမေရိကန်တို့က ရှုမြင်သုံးသပ်သည်။ သို့သော် တူရကီနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုကိုလည်း လျစ်လျူရှုထား၍မရပေ။ တူရကီနိုင်ငံသည် အရှေ့အလယ်ပိုင်းရေးရာများတွင် အရေးပါသည့် မဟာမိတ်နိုင်ငံဖြစ်ပြီး အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရာ၌ မရှိမဖြစ်အရေးပါသည့် နိုင်ငံလည်းဖြစ်သည်။ တစ်ဖက်မှကြည့်လျှင် အမေရိကန် အာဏာပိုင်များသည် အာဏာသိမ်းရန်ကြိုးပမ်းမှုမှ တစ်ဆင့် ပေါ်ပေါက်လာသော နောက်ဆက်တွဲဂယက်များ၏ ရိုက်ခတ်မှုကို အသိအမှတ်ပြုသည်။ သို့သော် အခြားတစ်ဖက်၌မူ နောက်ဆက်တွဲပေါ်ပေါက်လာသော ထုတ်ပယ်ဖယ်ရှားမှုများနှင့် တူရကီအာဏာပိုင်များက မစ္စတာဂူလန်ကို နိုင်ငံရေးအရ သဘောထားအမြင် မတူညီမှုများကြောင့် ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းမဟုတ်ဟူသောအချက်ကို လက်ခံရန်မှာမူ မလွယ်ကူပေ။ အမေရိကန်တို့ သည် သမ္မတအာဒိုဂန်၏ နှိပ်ကွပ်မှုများကို ဝေဖန်ရာ၌ အခြားဥရောပနိုင်ငံများကဲ့သို့ ဝေဖန်ခြင်းမပြုနိုင်ဘဲ အထူးသတိထား ဆက်ဆံရသည်။



တူရကီနိုင်ငံမှ ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဖက်ထူလာဂူလန်

သို့သော် မစ္စတာဂူလန်ကို လွှဲပြောင်းပေးအပ်ရေးတောင်းဆိုလာသည့်အခါ၌မူ ယင်းသို့ စွပ်စွဲနိုင်ရေးအာဏာသိမ်းမှုတွင် မစ္စတာ ဂူလန်ပါဝင်ခဲ့သည်ဟူသော ထင်ရှားသည့် သက်သေအထောက်အထားပြရန်အလေးပေးပြောဆိုခဲ့သည်။ မစ္စတာဂူလန်ကို နိုင်ငံရေးအယူအဆမတူညီမှုများကြောင့် အငြိုးထားကာစွပ်စွဲခြင်းမျိုး မဖြစ်ရန်လည်း လိုအပ်သည်။ ထို့ပြင် ဤကိစ္စမှာ အရေးပါသည့် ကိစ္စဖြစ်သည့်အတွက် လအတန်ကြာအချိန်ပေးရမည်ဖြစ်သည်။ တရားရေးဌာနကလည်း မစ္စတာဂူလန်ကို လွှဲပြောင်းပေးအပ် ရေးဆုံးဖြတ်ရာ၌ တူရကီက တင်ပြထားသော အချက်အလက်များကို သေသေချာချာ စိစစ်လျက်ရှိသည်။

မစ္စတာဂူလန်၏ရှေ့နေများကမူ အမေရိကန်တရားရုံး၌ပင်လွှဲပြောင်းပေးရေး ကိစ္စဆောင်ရွက်ရန်မှာ မလွယ်ကူကြောင်းနှင့် တူရကီတရားခွင်၌ ၎င်းတို့၏ အမှုသည် မစ္စတာဂူလန်မှာ တရားမျှတသည့်ဆုံးဖြတ်ချက်မျိုးရရှိရန်လည်း အခွင့်အရေးမရှိကြောင်း ပြောဆိုခဲ့သည်။

ယခုလက်ရှိ တူရကီ၌ပြုလုပ်နေသော ဖမ်းဆီးအရေးယူမှုများမှာ မစ္စတာဂူလန်ကို ထောက်ခံသူများအား အဓိက ပစ်မှတ်ထား၍ ပြုလုပ်နေရခြင်းဖြစ်သည်။ ဝန်ထမ်းထောင်ပေါင်းများစွာကိုလည်း ရာထူးမှဆိုင်းငံ့ခြင်းနှင့် ထုတ်ပယ်ခြင်းများ ပြုလုပ်လျက်ရှိသည်။ တချို့မှာမူ ၎င်းတို့၏ နိုင်ငံကူးလက်မှတ်များကို ဖျက်သိမ်းခြင်းနှင့်ရင်ဆိုင်နေရသည်။ တူရကီတပ်ဖွဲ့အတွင်း၌လည်း ရာထူးအရွှေ့အပြောင်းများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် သမ္မတအာဒိုဂန်ကနိုင်ငံ၏ ထောက်လှမ်းရေး အေဂျင်စီကိုပင် ၎င်း၏ လက်အောက်၌ထားရှိရန် ကြိုးပမ်းမှုများ ပြုလုပ်လာသည်။

လူဦးရေ ၁၀၀၀၀ မှာ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံထားရသည်။ အေကေပါတီ၏ ဒေသဆိုင်ရာရုံးခွဲများ၌ မစ္စတာဂူလန်ကို လိုလားသူများအား ရှင်းလင်းရန် လုပ်ဆောင်နေပြီဖြစ်ကြောင်းလည်း ပြောခဲ့သည်။ လွန်ခဲ့သော သုံးနှစ်ကျော်က သမ္မတအာဒိုဂန်နှင့် မစ္စတာဂူလန်တို့မှာ အရင်းနှီးဆုံးမိတ်ဆွေများဖြစ်ခဲ့ကြပြီး နောက်ပိုင်း၌ အယူအဆများကွဲပြားမှုကြောင့် ရန်သူများသဖွယ် ဖြစ်လာခဲ့ခြင်းပင်ဖြစ်သည်။

တူရကီတို့က မစ္စတာဂူလန်၏လှုပ်ရှားမှုများကို အကြမ်းဖက်အဖွဲ့ဟူ၍ စာရင်းသွင်းထားသည်။ တူရကီတို့ဘက်မှ မစ္စတာဂူလန်အား လွှဲပြောင်းပေးရေးကို အမေရိကန်တို့အား တစိုက်မတ်မတ်တောင်းဆိုလာရာ အရှေ့အလယ်ပိုင်းကိစ္စအချက်အချာကျသည့် မဟာမိတ်နိုင်ငံကို အဆုံးရှုံးခံမည်လား သို့မဟုတ် မစ္စတာဂူလန်ကိုပဲ လွှဲပြောင်းပေးမည်လားဆိုသည်မှာမူ အမေရိကန်အတွက် ခက်ခဲသည့် ရွေးချယ်မှုတစ်ခု ဖြစ်လာခဲ့သည်။

**ကိုးကား (ဘီဘီစီ)**

(၆-၈-၂၀၁၆)

**မစ္စတာဂူလန်၏ရှေ့နေများကမူ အမေရိကန်တရားရုံး၌ပင် လွှဲပြောင်းပေးရေး ကိစ္စဆောင်ရွက်ရန်မှာ မလွယ်ကူကြောင်းနှင့် တူရကီတရားခွင်၌ ၎င်းတို့၏ အမှုသည် မစ္စတာဂူလန်မှာ တရားမျှတသည့်ဆုံးဖြတ်ချက်မျိုးရရှိရန်လည်း အခွင့်အရေးမရှိကြောင်း ပြောဆိုခဲ့သည်။ ယခုလက်ရှိ တူရကီ၌ပြုလုပ်နေသော ဖမ်းဆီးအရေးယူမှုများမှာ မစ္စတာဂူလန်ကို ထောက်ခံသူများအား အဓိကပစ်မှတ်ထား၍ ပြုလုပ်နေရခြင်းဖြစ် . ..**

# နျူကလီးယားလက်နက်လျှော့ချရေး ကုလသမဂ္ဂ၌ ဆွေးနွေး

**ဂျီနီဗာ ဩဂုတ် ၆**

နျူကလီးယားလက်နက်များ အားလုံးဖယ်ရှားနိုင်ရေး ထိရောက်သည့်မူဘောင်အတွက် ကုလသမဂ္ဂ၌ အဖွဲ့လိုက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီလ ကတည်းက ဂျီနီဗာရှိ ကုလသမဂ္ဂရုံး၌ ဆွေးနွေးခဲ့ကြသည်။ ယခုအကြိမ်ကျင်းပမှုမှာ တတိယအကြိမ်မြောက်ဖြစ်ပြီး သောကြာနေ့က ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲပထမနေ့၌ ကိုယ်စားလှယ်များသည် ယခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ တင်သွင်းထားသော အစီရင်ခံစာများနှင့်ပတ်သက်၍ ၎င်းတို့၏အမြင်ကို ဖလှယ်မှုများ ပြုလုပ်ခဲ့ကြသည်။



နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံများမှမူ တက်ရောက်ခြင်းမရှိပေ။ ဒိုမီနီကန်သမ္မတနိုင်ငံ၊ ဩစတြေးလျနှင့်အခြားသောနိုင်ငံများမှ ကိုယ်စားလှယ်များက တစ်ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက်ပိတ်ဆို့မှုကို တောင်းဆိုခဲ့ကြသည်။

နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ချုပ်ဆိုရုံမျှနှင့်မလုံလောက်ကြောင်းလည်း ပြောခဲ့သည်။ နျူကလီးယားလက်နက် ပိတ်ဆို့ခြင်းအပါအဝင် လာမည့်နှစ်၌ အရေးယူမှုအသစ်များ စတင်နိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်၍လည်း တောင်းဆိုခဲ့သည်။ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကိုယ်စားလှယ်များသည် နျူကလီးယားလက်နက်ဖြည်းဖြည်းချင်း လျှော့ချမှုကို တောင်းဆိုခဲ့ကြသည်။

**(အင်န်အိတ်ချ်ကေ)**

# ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာပြောင်းရွှေ့ပေးပြီး အရေးပေါ် ဆန်၊ စားရေရိက္ခာတွေ ထောက်ပံ့ပေးထား



**ဖျာပုံ ဩဂုတ် ၆**

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီး ရေလျှံခြင်း၊ ကမ်းပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လျက်ရှိရာ မြို့နယ်များမှ ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာက ကူညီဆောင်ရွက်ထားမှုနှင့် ရုတ်တရက် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ပြင်ဆင် ရှောင်ရှားရမည့် အခြေအနေများနှင့် ပတ်သက်၍ ပြည်သူများ သိရှိနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းစိုးအားတွေ့ဆုံမေးမြန်းခဲ့ရာ -

**မေး။ ။ လက်ရှိ တိုင်းဒေသကြီး အတွင်းမှာ မြို့နယ်ပေါင်း ဘယ်လောက် ရေဘေးသင့်ထားပါသလဲ။ ရေဘေးသင့်ပြည်သူတွေကို ဘယ်လို ကယ်ဆယ်ဆောင်ရွက်ထားလဲပြောပြပေးပါ။**

ဖြေ။ ။ အခု ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ ကြံခင်း၊မြန်အောင်၊ အင်္ဂပူ၊ ဟသ်ာတ၊ ဇလွန်၊ ဓနုဖြူ၊ ငသိုင်းချောင်း၊ မအူပင် စတဲ့မြို့တွေ ရေလွှမ်းမိုးမှုတွေရှိနေပါပြီ။ စပြီး ရေထိတာကတော့ ကြံခင်းမြို့နယ်တစ်ဝိုက်ပါ။ အခု ရေဘေးသင့်တဲ့ ပြည်သူတွေကို ဘေးလွတ်ရာပြောင်းရွှေ့ပေးပြီး အရေးပေါ် ဆန်၊ စားရေရိက္ခာတွေ ထောက်ပံ့ပေးထားပါတယ် ။

**မေး။ ။ လက်ရှိ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်တဲ့အခါ အခက်အခဲတွေရှိပါသလား။ လိုအပ်မှုတွေရှိရင် ပြောပေးပါ။**

ဖြေ။ ။ လက်ရှိအခြေအနေမှာ အခက်အခဲမရှိဘဲ သွားလာလို့ရတဲ့ အခြေအနေမှာရှိတာက အားသာချက်တစ်ခုဖြစ်နေပါတယ်။ ဒီလို သဘာဝဘေး ကျရောက်လာပြီဆိုရင် အရေးကြီးဆုံးက ပြည်သူတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးဖို့ကိစ္စပါ။ အခု သဘာဝဘေး ကျရောက်တဲ့ဒေသတွေက ပြည်သူတွေကို ကျွန်တော်ကြိုတင်ဖွဲ့စည်းထားပြီးဖြစ်တဲ့ မြို့နယ် သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီကဦးဆောင်ပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပါတယ်။ အဲ့ဒီနေရာ ဒီကော်မတီမှာပါတဲ့ ရှာဖွေကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ ကူညီရွှေ့ပြောင်းပေးကြပါတယ်။ ပြီးတဲ့နောက် လတ်တလော စားဝတ်နေရေးအတွက် ကျွန်တော်တို့ဌာနက ဆန်၊ စားရေရိက္ခာ၊ အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းတွေ ထောက်ပံ့ပေးထားပါတယ်။

**မေး။ ။ ရေဘေးသင့် ပြည်သူတွေအတွက် အလှူရှင်တွေရဲ့ အကူအညီ လိုအပ်ပါလား။ ဘယ်လို အရာတွေ အလိုအပ်ဆုံးပါလဲ။**

ဖြေ။ ။ အလှူရှင်တွေ လှူပေးနိုင်ရင်တော့ ပိုကောင်းပါတယ်။ လတ်တလော အခြေအနေအတွက်မလိုပါဘူး။ ကျွန်တော်တို့အနေနဲ့ စားဝတ်နေရေး အဆင်ပြေအောင်စီစဉ်ပေးထားပါတယ် ။ နောက်ပိုင်းမှာက ရေကျနောက်ကျခဲ့ရင် စားရေရိက္ခာ လိုအပ်လာနိုင်ပါတယ်။ တချို့နေရာတွေမှာ ရေကျတာ နည်းနည်းကြာနိုင်တယ်။ အိမ်တွေက အမြင့်ဖြစ်ပေမယ့် ရေကျကျချင်း တက်နေလို့ မရနိုင်ပါဘူး။ ရေလွှမ်းထားတဲ့အတွက် ပြင်ဆင်ရမယ့် အပိုင်းတွေရှိပါတယ် ။ အဲ့ဒီအချိန်မှာ သောက်ရေ၊ ဆန်ဆီ၊ စားရေရိက္ခာတွေ လိုလာနိုင်ပါတယ်။

**မေး။ ။ ဆရာတို့ဌာနအနေနဲ့ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေလည်း ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ လက်ရှိအခြေအနေမှာ တိုင်းဒေသကြီးအတွင်းက မြို့တွေမှာ ရေတွေ တောက်လျှောက်ကြီးနေတယ်။ ဒေသအတွင်းက ပြည်သူတွေကို ပြောချင်တာများရှိရင် ပြောပေးပါ။**

ဖြေ။ ။ အခုအချိန်မှာ အပေါ်ရေက လည်းဆင်းတယ်။ အောက်ရေကလည်းရှိနေတယ်။ မိုးကလည်း နည်းနည်းရွာနေတဲ့အခါ သဘာဝဘေး သတိရှိဖို့လိုပါတယ်။ တချို့နေရာတွေမှာ မနှစ်က ထက် ရေနည်းနည်းပိုများတာ တွေ့ရတယ်။ စိုးရိမ်မှုလွန်ကဲတာမျိုးတော့ မဖြစ်သင့်ပါဘူး။ ပြည်သူတွေအနေနဲ့ သဘာဝဘေးအန္တရာယ်ကို သတိရှိရှိထားပြီး ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကာကွယ်ဖို့အကြံပြုချင်ပါတယ်။ ကျွန်တော်တို့အနေ နဲ့လည်း ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေအထိ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးကော်မတီတွေ အဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးထားပြီးလည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေကို လိုအပ်တဲ့ သဘာဝဘေးလျှော့ချရေး အသိပညာတွေလည်း ပေးထားပါတယ်။ အန္တရာယ်ကြုံလာတဲ့အခါ ပြည်သူတွေ အနေနဲ့ ပထမဆုံး ဦးစားပေးရမှာက မိမိအသက်အန္တရာယ်မဖြစ်ဖို့ပါ။ ဒုတိယကျမှ မိမိပိုင်ပစ္စည်းတွေ မဆုံးရှုံးဖို့ပါ။ သက်ဆိုင်ရာက အန္တရာယ်ရှိလို့ လုံခြုံရာကို ရွှေ့ပြောင်းခိုင်းပြီဆိုရင် တိတိကျကျ လိုက်နာပေးဖို့လည်း အကြံပြုချင်ပါတယ်။ ပြည်သူတွေဘက်က သဘာဝဘေးနဲ့ ပတ်သက်ရင် အကူအညီလိုအပ်ပါက လည်းအချိန်မရွေး အကူအညီတောင်းနိုင်ပါတယ်။ ကြိုတင်ပြင်ဆင်ခြင်းတွေနဲ့ ဘေးအန္တရာယ်တွေကို ကျော်လွှားနိုင်ပါစေ။

**အမေး၊ အရေး-သူဇာနွယ်(ဖျာပုံ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မိုးညို ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရဲတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ခင်မောင်လွင်နှင့် ဒုတိယရဲမှူး ဝင်းထွန်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မြို့နယ်အတွင်းမှုခင်းကျဆင်းရေးတို့ကို အသိပညာပေးဟောပြောသည်။ မြို့နယ်ရဲမှူးက မြို့နယ်အတွင်းရှိ ဆိုင်ကယ်သမားများကို ဦးထုပ်နှင့် ဘက်မှန်မပါလျှင် လောလောဆယ် အရေးယူနေကြောင်း၊ မောင်းလိုင်စင်ကိုမြို့နယ်သို့ လာရောက်လုပ်ပေးပြီး နောက်ပိုင်းမှာ မောင်းလိုင်စင်မပါသူများကို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဝဇီ

## အင်္ဂပူမြို့နယ် ကျေးရွာချင်းဆက် တံတားငယ်တစ်စင်း ရေစီးနှင့်မျောပါပျက်စီး



**အင်္ဂပူ ဩဂုတ် ၆**

အင်္ဂပူမြို့နယ် ကျွဲသောင်ကျေးရွာအုပ်စု ကျွဲသောင်ကျေးရွာတွင် ဩဂုတ် ၅ ရက် နံနက်ပိုင်းက ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် ကျွဲသောင်ကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာ သို့ ဆက်သွယ်ထားသော အရှည်ပေ ၃၀၊ အကျယ် ၁၀ ပေရှိ မြန်မာ့ဩဘာ ကိုယ်စားလှယ်မှ လှူဒါန်းထားသော သုတိဩဘာမင်္ဂလာ ကျေးရွာချင်းဆက် သစ်သားတံတားသည် ရေစီးကြောင့်မျောပါပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို မြစ်ရေကျဆင်းသွားပါက မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ပြန်လည်ဆောက်လုပ်သွားမည် ဖြစ်ကြောင်းနှင့် တံတားမျောပါပျက်စီးမှုကြောင့် လူနှင့်တိရစ္ဆာန်များထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8L/7080 K.O Lit P/U (4x2)R ယာဉ်မှတ်ပုံ အမည်ပေါက်သူ ဦးမင်းသူထွန်း ၈/ပခက(နိုင်) ၁၈၅၃၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကဲညွန့်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ တိုက် ၅၄၊(ခြောက်လွှာ-A)တိုက်ခန်းကို ဒေါ်သဲနီစည်သူထွန်း ၁၂/ဒဂတ(နိုင်)၀၂၃၅၃၃က ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏ အမှုသည်က အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတန်းစုံလင်စွာဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းလှိုင်(မောင်ရတနာ)LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်၄၂၊ သီရိဇေယျာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၉၅၉၅၈၊၀၉-၂၅၄၃၉၅၉၄၃၊ ၀၉-၇၈၁၂၂၈၉၆၃**

**မိဘအမည်မှန်**

ရွှေသောင်ယံမြို့၊ ချောင်းသာ အထက နဝမတန်း(A)မှ မောင်ကျော်လင်းဦး၏ မိဘအမည်မှန်မှာ ဦးကျော်ဝင်းသိန်းနှင့် ဒေါ်မူမူသွင် ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ပွင့်ဖြူမြို့နယ်၊ မဲဇလီကျေးရွာ၊ အထက မဲဇလီမှ မဆုမြတ်နွယ်(တက္ကသိုလ်ဝင်တန်း-A)နှင့် မနှင်းမို့မို့လွင် (ဆဋ္ဌမတန်း-A)တို့၏ ဖခင်အမည်မှန်မှာ ဦးတိုး(ခ)ဦးခင်မောင်တိုး ၈/ပဖန(နိုင်)၀၇၂၃၇၀ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၅၄ လမ်းသွယ်ရှိ အနော်ရထာအိမ်ရာစီမံကိန်း၊ လေးထပ်တိုက်အဆောက်အအုံ၊ အမှတ်(၆)၊ ဒုတိယထပ်(၂-လွှာ)၊ ( ၅+၆)လွှာ အခန်းအမှတ် ၂၀၂ဟု ခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းဇော်(ခ)ကေသီ J/RGN -၀၂၃၈၀၃၊ ၁၂/လမတ(နိုင်)၀၀၄၅၈၀ ကိုယ်စားအထွေထွေ ကိုယ်စားလှယ်လွှဲစာ လက်ခံရရှိထားသူ ဦးဇော်လင်းကို ၁၂/ဗဟန(နိုင်)၀၀၀၄၇၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရံငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: -၂၉၄၈၆၆၊ HP:-၅၀၁၇၀၄၄**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**
**နေပြည်တော်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် ၅၁၊ နေပြည်တော်ရှိ အမြဲတမ်းအတွင်းဝန်ရုံး၊ ဦးစီးဌာန၊ အဖွဲ့ရုံးများတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၆-၆-၂၀၁၆ရက်ထုတ် သတင်းစာများတွင် ကြော်ငြာထည့်သွင်း၍ တင်ဒါခေါ်ယူခဲ့ပြီးဖြစ်သော်လည်း အောက်ဖော်ပြပါပစ္စည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါတင်သွင်းနိုင်ရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်-

(က) ဝယ်ယူရေးလုပ်ငန်းများ
(၁) Air Conditioner
(၂) ရုံးသုံးစက်ပစ္စည်းကိရိယာများနှင့် သင်တန်းကျောင်းသုံးပစ္စည်းများ
(၃) ရုံးသုံးပရိဘောဂပစ္စည်းများ
(၄) ဆေးရုံသုံးပစ္စည်းများ
(ခ) တည်ဆောက်ရေးလုပ်ငန်းများ
(၁) ရုံးအဆောက်အအုံများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၈-၂၀၁၆ရက်မှစ၍ ၁၅-၈-၂၀၁၆ ရက်အထိ အမြဲတမ်းအတွင်းဝန်ရုံး၊ ဦးစီးဌာန၊ အဖွဲ့ရုံးများတွင် ရုံးချိန်အတွင်း ရောင်းချသွားမည် ဖြစ်ပြီး ၂၂-၈-၂၀၁၆ရက် ညနေ ၄နာရီ နောက်ဆုံးထားတင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၈၁၊ ၀၆၇-၄၃၀၁၄၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**နေပြည်တော်**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6D/8283 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဃ/၈၉၆၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၀-၅-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်အုန်းလွင်၏ပိုင်ဆိုင်မြေပုံကွက်တွင်မြေကွက်အမှတ်(၉၉၆/က)နှင့်မြေကွက်တည်နေရာအမှတ်-၉၉၆/က၊သုခိတာ(၂)လမ်း၊(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုအမှန်ဖတ်ရှုပါရန်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/2784 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/တသန(နိုင်)၁၀၈၀၈၂က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6H/3678 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာစီမံကိန်းရှိ အမှတ် ၂၊ အခန်းအမှတ် ၃၀၅၊ စတုတ္ထအခန်းကို မူလအမည်ပေါက် ဒေါ်ဝင့်ဝင့်ဌေး ၉/ရမသ(နိုင်)၀၈၄၅၆၁ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးအောင်ကိုစိုး ၂/သကတ(နိုင်) ၁၆၂၉၂၃က ၄င်းအမည်ဖြင့် Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၈၅/က၊ မြေကွက်အမှတ် ပေ (၂၀×၆၀) အမည်ပေါက် ဦးဝင်းညို(ကွယ်လွန်)၏ ၁၅-၅-၁၉၉၂ခုနှစ် မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ပုလဲ ၁လမ်း၊ အမှတ် ၃၈၄၊ မီးလောင်ပြီး မြေကွက်အစားရရှိသော မြေကွက်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိမိခိုင်**
**၁၂/ဥကမ(နိုင်) ၀၀၆၁၄၅**

# ထိုင်းရောက် မြန်မာအလုပ်သမား သောင်းနှင့်ချီ ဖမ်းဆီးပြန်ပို့မှုသတင်း မဟုတ်မမှန်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း



**ဗန်ကောက် ဩဂုတ် ၆**

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား သောင်းနှင့်ချီ၍ ဖမ်းဆီးပြန်ပို့မှု သတင်းမှာ မဟုတ်မမှန်ကြောင်း ထိုင်းအလုပ်သမား ဝန်ကြီးက ဩဂုတ် ၅ ရက်၌ သတင်းစာ ရှင်းလင်းပွဲပြုလုပ်ကာ ပြန်လည်ချေပ ပြောဆိုခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထိုင်းအလုပ်သမားဝန်ကြီး မစ္စတာ အာရတ်ဂ်ဖရုံမဏီက ပြန်လည်ချေပ ပြောဆိုရာတွင် တားမြစ်ထားသော ဈေးရောင်း အလုပ်လုပ်နေသူများကိုသာ လိုက်လံဖမ်းဆီးခြင်းဖြစ်ကြောင်း၊ ဖမ်းဆီး ပြန်ပို့မှုဖြစ်စဉ်များ အမှန်တကယ် ရှိသော်လည်း လူဦးရေသောင်းချီ မဟုတ်ကြောင်း ရာဂဏန်းမျှသာရှိကြောင်း၊ ထိုင်းနိုင်ငံအတွင်း MoU ဖြင့် လာရောက် အလုပ်လုပ်ကိုင်ကြသည့် မြန်မာအလုပ် သမားပြဿနာ ဆိုးရွားစွာမရှိဘဲ အဆင်ပြေကြကြောင်း၊ ထိုင်းနိုင်ငံရောက်မြန်မာ အလုပ်သမားများ ထိတ်လန့်မှုမဖြစ်ကြ စေလိုကြောင်း၊ ဗန်ကောက်မြို့အနီး တစ်ဝိုက် မြန်မာအလုပ်သမားများ အနေများသည့် မြို့တချို့တွင် NGO ဆိုသည့် အဖွဲ့အစည်းနှစ်ဖွဲ့က ပြီးခဲ့သည့် ရက်ပိုင်း အတွင်း မြန်မာနိုင်ငံ၌ သတင်းစာရှင်း လင်းပွဲပြုလုပ်ရာ ထိုင်းနိုင်ငံအမည်ပျက် စေရန် တမင်စွပ်စွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ အဆိုပါ NGOအဖွဲ့နှစ်ဖွဲ့မှာ ACC နှင့် MAT အဖွဲ့များအား ရည်ညွှန်းထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာသံရုံးမှ ထုတ်ပြန်စာထုတ်ခြင်းသည် ဩဂုတ် ၇ ရက်တွင် ထိုင်းနိုင်ငံ ဖွဲ့စည်းပုံမူကြမ်း ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရာတွင် လုံခြုံရေးအလို့ငှာ ထုတ်ပြန်ရခြင်း ဖြစ်ကြောင်း၊ လိုက်လံဖမ်းဆီးမှုကြောင့် ထုတ်ပြန်ထားခြင်းမျိုး မဟုတ်ကြောင်း၊ ၎င်း NGO အဖွဲ့နှစ်ဖွဲ့အား ထိုင်းအထူး စုံစမ်းစစ်ဆေးရေး DSI များ စေလွှတ်ပြီး ဝင်ရောက်စစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ Daily News သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဘားအံ၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၆၄၈ ပြားနှင့် ဗုံးသီးများ သိမ်းဆည်းရမိ

**ဘားအံ ဩဂုတ် ၆**

ကရင်ပြည်နယ် ဘားအံမြို့ ကားကြီးဝင်းအနီး ယာဉ်တစ်စီးတွင် မူးယစ်ဆေးဝါး သယ်ဆောင်လာကြောင်း သတင်းအရ 4I/---- မော်တော်ယာဉ်အား ဩဂုတ် ၃ ရက် နံနက် ၃ နာရီခွဲက ပြည်နယ်ရဲတပ်ဖွဲ့၊ DKBA ကလိုထူးဘောဆက်ဆံရေးရုံး(ဘားအံ)ပူးပေါင်းအဖွဲ့တို့ ပိတ်ဆို့ရှာဖွေဖမ်းဆီးရာမှ WY ဆေးပြား ၄၈၆၄၈ ပြား၊ 40MM ဗုံးသီးသုံးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သူနှစ်ဦး၏ထွက်ဆိုချက်အရ ဩဂုတ် ၃ ရက် ညနေ ၅ နာရီခန့်က ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ဖမ်းဆီးရာမှ ကွင်းဆက် ပြစ်မှုကျူးလွန်သူနှင့်အတူ WYဆေးပြား ၁၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြည်နယ်ရဲတပ်ဖွဲ့၊ အိန္ဒြနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင် ဦးစီးအဖွဲ့၊ မူခင်းအကူ ဌာနစုမှုရဲအုပ်လွင်ခိုင်အေး ဦးစီးတပ်ဖွဲ့ဝင်များ၊ ဘားအံမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မျိုးကျော် ဦးစီးတပ်ဖွဲ့ဝင်များ၊ DKBA ကလိုထူးဘောဆက်ဆံရေးရုံး(ဘားအံ)မှ ဗိုလ်ကြီးအဆင့်ရှိ စောအယ်သေး ဦးစီးပူးပေါင်း အဖွဲ့သည် သက်သေများနှင့်အတူ ဘားအံမြို့မရဲစခန်းက အမှုမှ ခင်ဇော်နှင့် မျိုးအောင်ထွန်း (ခ)ဘုးသီးတို့၏ထွက်ဆိုချက်အရ ဘားအံမြို့အမှတ်(၄)ရပ်ကွက် ဉယျာဉ်လမ်းနေ ရန်ကြီးအောင်၏နေအိမ်ကို ဝရမ်းဖြင့်ဝင်ရောက်ရှာဖွေရာ ရန်ကြီးအောင်သည် နေအိမ်၌မရှိဘဲ ၎င်း၏ဇနီးဖြစ်သူ နော်သင်းသင်းလှဲ (၃၁နှစ်)အား တွေ့ရှိရပြီး နေအိမ်ကို ရှာဖွေရာ ခုတင်အောက်ရှိ အိတ်အတွင်းမှ WYဆေးပြား ၁၀၀၀၀၊ အလေးချိန် ၁၀၀၀ ဂရမ်၊ (ကာလတန်ဖိုးသိန်း ၃၀၀)၊ ငွေကျပ် ၁၅ သိန်းနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ နော်သင်းသင်းလှဲ့နှင့်ထွက်ပြေးတိမ်းရှောင်သူ ရန်ကြီးအောင်တို့နှစ်ဦးကို ဘားအံမြို့မရဲစခန်းက အမှုဖွင့်ထားပြီး နောက်ဆက်တွဲ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်နိုင်ရေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး (ဘားအံ)**

# ငါးကန်အတွင်း ဆေးခတ်သူနှစ်ဦးအား အမှုဖွင့်

**အင်းတော် ဩဂုတ် ၆**

ကသာခရိုင် အင်းတော်မြို့နယ် စက်တောကုန်းရွာနေ ဦးခင်မောင် ပိုင်ဆိုင်သည့် ငါးကန်အတွင်းသို့ ဇူလိုင် ၂၉ ရက် ည ၈ နာရီခွဲခန့်က တစ်ရွာတည်းနေ အောင်လွင်နှင့်ဝင်းလှိုင်တို့က ငါးကန်အတွင်းသို့ ရေသွင်း/ရေထုတ်ပြုလုပ်သော ရေမြောင်းအတွင်း ငါးများကို မူးယစ်စေသော ဆေးမင်းပင်၏အမြစ်ဖြင့် ဆေးခတ်ခဲ့ရာ ငါးများသေဆုံးခဲ့၍ ငါးကန်ပိုင်ရှင် ဦးခင်မောင်က ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှတစ်ဆင့် ဩဂုတ် ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဥပဒေအရအရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် စက်တောကုန်းရွာ အင်းတော်မြို့နယ်နေသူများဖြစ်သည့် အောင်လွင်(၄၇နှစ်)နှင့် ဝင်းလှိုင်(၂၃နှစ်)တို့နှစ်ဦးအား အင်းတော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# အုပ်စုဖွဲ့ ဆိုင်ကယ်ခိုးယူသူများအား ဖမ်းဆီးရမိ

**လယ်ဝေး ဩဂုတ် ၆**

နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့် ဆိုင်ကယ်ခိုးယူသူ ငါးဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာဝတ္ထိနယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ထွန်းထွန်းနိုင်နှင့် အဖွဲ့သည် ဩဂုတ် ၂ ရက်က သာဝတ္ထိအုပ်စု ရသေ့တောင်ရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ရသေ့တောင်ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိသူ ရဲနိုင်ထွန်း(ခ)ချစ်မင်းဦး (၁၉ နှစ်) ကျိုက်ထိုမြို့နေသူအား ၎င်းနှင့်အတူတွေ့ရှိသည့် ၄ဃေ/-------- MOLISA 125 ဆိုင်ကယ်နှင့်ပတ်သက်၍ စစ်ဆေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်းမရှိ၍ အမှုဖွင့်ပြီး ဒုရဲအုပ်ထွန်းထွန်းနိုင်က ဆက်လက်စစ်ဆေးရာ ရဲထွန်းနိုင်(ခ)ချစ်မင်းစိုးနှင့်အတူ လျှားဝေ(ခ)ကိုဝေ၊ နိုင်လင်းထွန်း၊ အေးမင်းဦး၊ သန်းမင်းအောင်တို့သည် နေပြည်တော်အတွင်းမှ ဆိုင်ကယ်ခုနစ်စီး ခိုးယူကာ ကျိုက်ထိုမြို့သို့ သွားရောက်ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် ဒုရဲအုပ်ထွန်းထွန်းနိုင်နှင့်အဖွဲ့သည် ကင်ပွန်းချောင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်သူရနှင့် ပူးပေါင်း၍ လျှားဝေ(ခ)ကိုဝေ၊ နိုင်လင်းထွန်း၊ အေးမင်းဦး၊ သန်းမင်းအောင်တို့လေးဦးနှင့် ဆိုင်ကယ်ခုနစ်စီးအား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကလေးမြို့နယ်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံး

**ကလေး ဩဂုတ် ၆**

ကလေးမြို့မှ ကိုးမိုင်ခန့်ကွာဝေးသော ကလေး-တမူး ကားလမ်းဘေးရှိ မော်လိုက်ကလေးတောင်ရွာနေ ဦးလူရင်၏ ဈေးဆိုင်သို့ ဩဂုတ် ၅ ရက် ည ၈ နာရီကျော်တွင် ဈေးလာဝယ်သူ အေးကို (၂၈နှစ်)သည် ဈေးဝယ်ပြီးနောက် ထိုဈေးဆိုင်တွင်ထိုင်၍ မတင်မာချိုဆိုသူနှင့် စကားပြောနေစဉ် ၎င်းလွယ်ထားသောအိတ်မှ ပေါက်ကွဲမှုဖြစ်ပွားကာ အေးကိုသည် ဒဏ်ရာဖြင့် အခင်းဖြစ်သည့်နေရာတွင် သေဆုံးပြီး မတင်မာချိုမှာ မျက်နှာတွင် ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်တွင် သေဆုံးသူ အေးကို၏ လွယ်အိတ်အတွင်းမှ C 4 ယမ်းအနံ့ရှိ ကြေးနန်းကြိုးအပိုင်းအစနှင့် ဘက်ထရီအိုးအပိုင်းအစများ တွေ့ရှိကြောင်း၊ အခင်းဖြစ်ပွားသည့်နေရာတွင် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။

**ဂျူနိုင်း**









**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် CC/9182 Nissan ADVan SW(4x2)R ယာဉ်လက်ဝယ်ရှိသူ WAVE AUTO SERVICES Co., Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (၁) | တာယာ (အရွယ်စုံ) | - | ၂၇၈ စုံ |
| (၂) | ဘက်ထရီ (အရွယ်စုံ) | - | ၁၄၀ လုံး |
| | **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** | - | ၁၅-၈-၂၀၁၆ရက် |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ (၁)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်။

**ဖုန်း-၀၆၇-၄၁၀၃၁၇**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ပဲခူးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန လက်အောက်ရှိ(ခုတင်-၁၀၀)ဆံ့ ဆေးရုံများ၊ (ခုတင်-၅၀)ဆံ့ဆေးရုံများ၊ (၂၅)ခုတင်ဆံ့ဆေးရုံများနှင့် (၁၆)ခုတင်ဆံ့ဆေးရုံများတွင် တက်ရောက်ကုသနေသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ် ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်ရက်နှင့် အချိန် | - | ၈-၈-၂၀၁၆ရက် နံနက် ၉း၃၀နာရီ |
| | တင်ဒါပိတ်မည့်ရက်နှင့် အချိန် | - | ၃၀-၈-၂၀၁၆ရက် ညနေ ၄နာရီ |
| | တင်ဒါပုံစံများရောင်းချမည့်နေရာ | - | တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ ပဲခူးမြို့ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ပဲခူးမြို့**
**ဖုန်း-၀၉-၇၈၉၈၈၈၈၆၁**


**မိခင်အမည်မှန်**

ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်း (၇)၊ အထက(၅)တွင် ၂၀၁၅-၁၆ ပညာသင်နှစ် နဝမတန်းအောင်မှ မသီရိဝင်းနိုင်ဦးနှင့် သတ္တမတန်းမှ မချယ်ရီဝင်းနိုင်ဦးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ပိုင်မေသော် ၉/ပဘန(နိုင်)၁၈၀၇၀၉ ဖြစ်ပါကြောင်း။

**ဒေါ်ပိုင်မေသော်**

**မိဘအမည်မှန်**

ကန့်ဘလူမြို့နယ်၊ ကာဘိုးကျေးရွာအုပ်စု၊ အိုင်ပေါင်းချောင်ကျေးရွာနေ မနီလာဝင်း ၅/ကဘလ(နိုင်)၂၁၅၉၅၃ ၏ မိဘအမည်မှန်မှာ ဦးကျော်စိုး ၅/ကဘလ(နိုင်)၀၂၆၁၈၄-ဒေါ်သင်း(ခ) ဒေါ်တင်မြင့်ဆွေ ၅/ကဘလ(နိုင်)၀၂၆၂၀၁ ဖြစ်ပါသည်။

**ဦးကျော်စိုး-ဒေါ်သင်း(ခ)**
**ဒေါ်တင်မြင့်ဆွေ**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၃၀၄၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဇော် ၇/ကကန(နိုင်)၀၀၀၁၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၈၀၁၀၉ ယာဉ်လက်ဝယ်ရှိသူ ဦးမြဦး ၇/ဖမန(နိုင်)၀၈၇၆၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၃၅၈၇၆ Hondawave Alpha 100 M/C ယာဉ်မှတ်ပုံအမည်ပေါက်သူ ဦးလှဝင်း ၆/လလန(နိုင်)၁၃၂၅၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ထားဝယ်)**



# အဝေးပြေး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးကြပ်၍ ရက် ၁၀၀ တွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း ရွှေမန်းသူ အဝေးပြေးဂိတ်ဝင်းရှိ ရွှေမန်းသူခန်းမ၌ ဩဂုတ် ၃ ရက် နံနက်က ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၂၀၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် တက်ရောက်လာသူများအား ပညာပေး လက်ကမ်းစာစောင်များဝေငှပြီး တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသိန်းဦးက ယာဉ်မတော်တဆ ဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ လိုက်နာရမည့် စည်းကမ်းများ၊ အဝေးပြေးလမ်းမကြီးတွင် မောင်းနှင်သူများ လုပ်ဆောင်ရန်နှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်များ၊ ယာဉ်မောင်းတို့၏ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုများကြောင့် ဖြစ်ပွားရသည့် မတော်တဆမှုများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် လမ်းအသုံးပြုသူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိထားပြီး အမှန်တကယ် လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်းတို့ကို ပညာပေးဟောပြောခဲ့ပြီး ဦးကျော်ဆင့် (စစ်ဆေးရေးမှူး-၂)က အရောင်သုံးမျိုးဖြင့် ဖော်ပြထားသော လမ်းညွှန်ဆိုင်းဘုတ်များ၊ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသော လမ်းညွှန်ဆိုင်းဘုတ်များ၊ အဝေးပြေးလမ်းမကြီး အသုံးပြုသူများ လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်ရှောင်ရန် အချက်များ၊ မော်တော်ယာဉ်မထွက်ခွာမီ စစ်ဆေးရမည့်အချက်များ၊ ယာဉ်မတော်တဆမှုဖြစ်ပွားပါက ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ လုပ်ဆောင်ရမည့်အချက်များ၊ မြန်မာနိုင်ငံတွင် ထုတ်ပေးနေသော ယာဉ်မောင်းလိုင်စင်အမျိုးအစားများ၊ လမ်းမပေါ်တွင်ရေးဆွဲထားသော အရောင်ပါမျဉ်းများ စသည့်အကြောင်းများကို Power point ဖြင့် ပြသပြီး ပညာပေး ဟောပြောသည်။

တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ၃၄ ကြိမ် ပြုလုပ်ပြီးစီးကြောင်းနှင့် Chip ပါသော Smart Card (ယာဉ်မောင်းလိုင်စင်) ၃၆၀၆၂ ကတ် ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **ဇော်မင်းအောင်**

# ဒုတိယနေရာမှ မကွေးအသင်း နိုင်ပွဲရယူ

**ရန်ကုန် ဩဂုတ် ၆**

၂၀၁၆ ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့၌ကျင်းပရာ မကွေးအသင်း နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယနေရာအတွက် ရန်ကုန်နှင့် ဧယျာဝတီ ရွှေမြေအသင်းတို့၏ ဖိအားပေးခြင်းကို ခံနေရသော်လည်း မကွေးအသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲထပ်မံရယူနိုင်ခဲ့ပြီး ချန်ပီယံရတနာပုံအသင်းကို ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။ ရတနာပုံအသင်းသည် အမှတ်ပေးလက်ကျန်ပွဲများထက် ရန်ကုန်နှင့် ယှဉ်ပြိုင်ရမည့် ရှုံး/ထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့အတွက် အာရုံစိုက်ထားပြီး ယခုပွဲကို ပုံမှန်သာကစားသွားခဲ့သည်။

မကွေးအသင်းသည် ဒုတိယနေရာအတွက် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရတနာပုံအသင်းသည် ဗုဒ္ဓဟူးနေ့တွင် ရှုံး/ထွက် ဆီမီး ဒုတိယအကျော့ ကစားရန်ရှိသောကြောင့် အမာခံကစားသမားအချို့ကို အနားပေးထားခဲ့သည်။ ရတနာပုံအသင်းသည် ချန်ပီယံဖြစ်ပြီးသောကြောင့် ပုံမှန်သာကစားသွားပြီး မကွေးအသင်းက တိုက်စစ်အသားပေး ကစားခဲ့သည်။ မိနစ် ၃၀ တွင် မကွေးအသင်းဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် သန်းဇော်ဟိန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရှိရန် ဝင်းနိုင်စိုး၊ လှိုင်းဘိုဘို တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မကွေးအသင်းသည် ပထမပိုင်းတွင် ရရှိခဲ့သည့်အနိုင်ဂိုးကို ထိန်းကစားသွားခဲ့ပြီး အသင်းခေါင်းဆောင် ဒီဂျမ် ဦးဆောင်သည့် ခံစစ်ပိုင်းက အမှားအယွင်းမရှိခဲ့ဘဲ ရတနာပုံတိုက်စစ်မှူးများကို ထိန်းချုပ်နိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ယခုရာသီတွင် ဒုတိယမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။



မကွေးနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ် (ဓာတ်ပုံ-ဖိုးသော်ဇင်)

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်နှင့် ချင်းယူနိုက်တက်အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ချင်းအတွက် ဦးဆောင်ဂိုးကို ၂၄ မိနစ်တွင် ဆောင်လမန်က သွင်းယူခဲ့ပြီး ရခိုင်အတွက် ချေပဂိုးကို ၅၆ မိနစ်တွင် အန်ဒရေက သွင်းယူခဲ့သည်။ ရခိုင်အသင်း သရေပွဲကြောင့် Horizon အသင်း တန်းဆင်းခဲ့ရပြီး ချင်းယူနိုက်တက်သည်လည်း တန်းဆင်းဇုန်မှ လွတ်သွားခဲ့သည်။

**ယနေ့ပွဲ**

| | |
|---|---|
| YUSC ကွင်း | ရန်ကုန် - ဧယျာဝတီရွှေမြေ |
| အောင်ဆန်းကွင်း | Horizon - ရှမ်းယူနိုက်တက် |
| တောင်ငူကွင်း | ဟံသာဝတီ - ဇွဲကပင် |

**သတင်း-ညီမြတ်သော်တာ**


## MECTel CDMA 800 MHz Lucky Draw ပေါက်မဲနံပါတ်များ

MECTel CDMA 800 MHz

(မိုးဦးရာသီကံစမ်းမဲအစီအစဉ် - စတုတ္ထအကြိမ်)

ရက်စွဲ ၂၈-၇-၂၀၁၆

| စဉ် | ဖုန်းနံပါတ် | အမည် | နေရပ်လိပ်စာ | ဆုမဲအမျိုးအစား |
|---|---|---|---|---|
| ၁ | ၀၉-၃၁XX၂၉၉၁ | ဒုတပ်ကြပ်ဇော်နိုင်ဦး | အင်းမပဲခူးတိုင်း။ | SUZUKI EARTIGA 2015 Brand New ကားအသစ်(၁)စီး |
| ၂ | ၀၉-၃၆XX၆၂၅၂ | ဒုအရာခံဗိုလ်သင်းစိုးဦး | လောက်ကိုင်၊ရှမ်းပြည်နယ်။ | Samsuang Galaxy S7 Edge |
| ၃ | ၀၉-၃၆XX၉၃၂၀ | စိုင်းသီဟကျော် | လွိုင်ကော်မြို့၊ကယားပြည်နယ်။ | Samsuang Galaxy S7 Edge |
| ၄ | ၀၉-၃၆XX၄၄၁၆ | ဦးမောင်မျိုး | အောင်ပန်းမြို့၊ရှမ်းပြည်နယ်။ | ရွှေဒင်္ဂါး (၁) ကျပ်သား |
| ၅ | ၀၉-၃၁XX၀၉၁၇ | ဒေါ်အေးအေးမြိုင် | တောင်ဥက္ကလာ၊ရန်ကုန်တိုင်း။ | ရွှေဒင်္ဂါး (၁) ကျပ်သား |
| ၆ | ၀၉-၃၆XX၇၂၇၉ | ဒေါ်ခင်ဌေးလွင် | တောင်ကြီး၊ရှမ်းပြည်နယ်။ | ရွှေဒင်္ဂါး (၁) ကျပ်သား |
| ၇ | ၀၉-၃၆XX၃၁၅၈ | ဦးအောင်သူ | စစ်ကိုင်းတိုင်း။ | LG 43" TV |
| ၈ | ၀၉-၃၂XX၁၄၈၂ | မနော်ဂရေးဟီထူး | အင်းစိန်၊ရန်ကုန်တိုင်း။ | Huawei CDMA Handset (Honor) |
| ၉ | ၀၉-၃၀XX၂၈၈၃ | ယောချူ | လွိုင်ကော်။ | Huawei CDMA Handset (Honor) |
| ၁၀ | ၀၉-၃၆XX၇၆၈၆ | ဦးနိုင်ဇော်ဦး | နေပြည်တော်။ | Huawei CDMA Handset (Honor) |
| ၁၁ | ၀၉-၃၂XX၅၁၅၃ | ဦးနေထက်လင်း | နေပြည်တော်။ | Huawei CDMA Handset (Honor) |
| ၁၂ | ၀၉-၃၃XX၉၃၇၉ | ဒေါ်လှလှရီ | ပြင်ဦးလွင်၊မန္တလေး။ | Huawei CDMA Handset (Honor) |

(မှတ်ချက်။ ကံထူးရှင်၏ Confidential အရ အလယ်ဂဏန်းနှစ်လုံးအား မဖော်ပြခြင်းဖြစ်ပါသည်။)

အသေးစိတ်သိရှိလိုပါက ပြည်လမ်း၊ Starmart nine mile showroom နှင့် ဖုန်း - ၀၉ ၃၁၃၁၃၁၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

" ဝါဆိုဦး Promotion "

Facebook, Viber, Wechat, SMS ပို့ခွင့်များ "အခမဲ့" ရရှိမှာ ဖြစ်ပါတယ်၊

SMS number 233 သို့ " ws " ဟု စာတိုပို့ အသုံးပြုရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက 1212 Call Centre သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်၊

ဩဂုတ်လ ဒုတိယပတ်တွင် ကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်၊


**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**လမ်းတံတားဌာန**

## နိုင်လွန်ကတ္တရာကျိုစက်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းတံတားဌာနမှ ကော်မတီနယ်နိမိတ်အတွင်း လမ်းများအား နိုင်လွန်ကတ္တရာအဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက်လိုအပ်သော နိုင်လွန်ကတ္တရာကျိုစက်အသစ်တစ်စုံ ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၈-၂၀၁၆ရက်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ၈-၈-၂၀၁၆ ရက်မှ စတင်၍ တင်ဒါပုံစံတစ်စုံလျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**ဌာနမှူး**
**လမ်းတံတားဌာန**


## ဝန်ထမ်းအမြန်အလိုရှိသည်

- မော်တာစက်ချုပ်(ကျွမ်းကျင်) - မ (၅) ဦး
- စက်ချုပ်အကူ (Helper) - မ (၅) ဦး
- Marketing - မ (၅) ဦး

၁၃၃၂၊ အာတီဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ၊ ၀၉ - ၃၁၇၈၉၈၃၀


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း (၅)ရပ်ကွက်၊ အမှတ်(၁၁၅၀) ဟု ခေါ်တွင်သော (ပေ၄၀×ပေ၆၀)ဦးစောဗဟိဏ်း အမည်ပေါက် ပါမစ်မြေကွက်အနက်မှ(ပေ ၂၀×ပေ ၆၀)ခြေရင်းခြမ်း၊ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ဆွေဆွေတင် ၁၂/ဗဟန(နိုင်)၀၅၂၇၀၉က ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ပြီး ၎င်းမှ(ပေ၂၀×ပေ ၆၀)ခြေရင်းခြမ်းမြေကွက်ကို ရောင်းချရန် အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေကြီးမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသည့် မြေကွက်နှင့် အဆောက်အအုံတို့အား ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ကျွန်ုပ်ထံ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာနည်မျိုး** (LL.B)
**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၄၉၃၃၃၀၂၅၊ ၀၉-၄၂၀၇၀၆၄၂၆
အမှတ် ၈၃၄၊ ဇင်္ဂြိုလ(၃)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်

ခရီးသွားဆောင်းပါး

# ဆန်ပါနဂိုမြို့က... ပြန်ခဲ့မယ်



ရွှေသိမ်တော်စေတီအား ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရစဉ်

## သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

ဗန်းမော်မြို့ကို ကျွန်တော်တို့ရောက်ချိန်မှာ ည ၁၀ နာရီ ကျော်ပြီဖြစ်ပါတယ်။ မန္တလေးကထွက်လာကတည်းက ကားကဗွေဖောက်ချင်နေတာမို့ ထိန်းပြီးမောင်းခဲ့ရတာကြောင့် နောက်ကျ ခဲ့ခြင်းဖြစ်ပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်းပေါ်မှာရှိတဲ့ ဗန်းမော်မြို့ကို ကျွန်တော်တို့ရောက်ချိန်မှာတော့ တစ်မြို့လုံးအိပ် မောကျစပြုနေပြီဖြစ်လို့ တိတ်တိတ်ဆိတ်ဆိတ်ပါပဲ။ ဝါကျင့်ကျင့် လမ်းမီးရောင်တွေကသာ ကျွန်တော်တို့ကို ကြိုဆိုနေတာ တွေ့ရပါတယ်။

ခရီးပန်းလာပေမယ့် နောက်နေ့ နံနက် ၇ နာရီကျော်မှာ ကျွန်တော်တို့နိုးလာပြီး ကိုယ်လက်သန့်စင်ကာ ဗန်းမော်မြို့ထဲ ထွက်လာခဲ့ပါတယ်။ ဗန်းမော်မြို့ဟာ နံနက်ခင်း သွားလာ လှုပ်ရှား သူတွေနဲ့ အသက်ဝင်လှုပ်ရှားနေပေမယ့် အေးချမ်းတည်ငြိမ်မှုက လွှမ်းဖုံးနေပါတယ်။ မြို့ကကျဉ်းပေမယ့် နေအိမ်တိုက်တာတွေနဲ့ မြို့ပြအသွင်ကို ဆောင်နေပြီး တိုးတက်စ အနေအထားတွေ မြင်တွေ့ရပါတယ်။

ဗန်းမော်မြို့ဆိုတာကလည်း ရှမ်းဘာသာစကားဖြစ်ပြီး မန်မော်မှဆင်းသက်လာတာဖြစ်ပါတယ်။ မန်ဆိုတာရွာ၊ မော်ဆို တာကအိုးဖြစ်တာမို့ အိုးလုပ်တဲ့ရွာလို့ ဆိုရမှာပါပဲ။ ဒါကြောင့် အခုအချိန်အထိ ဗန်းမော်မြို့အနီးဝန်းကျင် ကမ်းခြေရွာအချို့မှာ အိုးလုပ်တဲ့ရွာတွေရှိနေတာဖြစ်ပါလိမ့်မယ်။ တစ်ချိန်က ဗန်းမော်မြို့ဟာ ကုန်ရောင်း၊ ကုန်ဝယ်ဖြစ်ထွန်းရာဆိပ်ကမ်းမြို့အဖြစ်တည်ရှိခဲ့ပြီး စော်ဘွားတွေအုပ်ချုပ်ခဲ့တယ်လို့ဆိုပါတယ်။

ခရစ်နှစ် ၁၃၂၇ ခုနှစ်လောက်မှာ မိုးမိတ်စော်ဘွားကြီးရဲ့တူဖြစ်တဲ့ အမ်းရွက်ဖကို ဗန်းမော်စော်ဘွားအဖြစ် အုပ်ချုပ်စေခဲ့ တာဖြစ်ပြီး ရှမ်းစော်ဘွား ၁၇ ဆက်အထိ အုပ်ချုပ်ခဲ့တယ်လို့ ဆိုပါတယ်။ စော်ဘွားဆက်ပြတ်ပြီးနောက်ပိုင်း မြို့ဝန်ခြောက်ဦးအထိတာဝန်ယူခဲ့ရာမှ ဗန်းမော်မြို့ဝန် ငတွန်ငယ်လက်ထက် ၁၃၈၈ ခုနှစ်မှာတော့ မြို့ဝန်ဆက်ပြတ်ခဲ့ပါတယ်။ အဲဒီနောက် တောင်ငူခေတ်မှာတော့ ရှမ်းလူမျိုး အကြီးအကဲတွေ အုပ်ချုပ်ခဲ့ကြပြီး ဘုရင့်နောင်ရဲ့ဒုတိယမြန်မာနိုင်ငံတော် တည်ထောင်ရာမှာပါဝင်ခဲ့ကြတယ်လို့ဆိုပါတယ်။ ကုန်းဘောင်ခေတ်မှာတော့ အလောင်းမင်းတရားရဲ့ မြင်းရည်တက် ၆၈ ဦးထဲက ဦးရွှေရည်ကို ပထမဆုံး ဗန်းမော်မြို့ဝန်အဖြစ် တာဝန်ပေးခဲ့ရာမှာ မြို့တော်ဝန်သုံးဆယ့်တစ်ဦးအထိ ရှိခဲ့ပါတယ်။ နောက်ဆုံးမြို့ဝန်ကတော့ ဦးထောင်ဗိုလ်ဖြစ်ပြီး ၁၈၈၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှာ အင်္ဂလိပ်နယ်ချဲ့တပ်တွေက ဗန်းမော်မြို့ကို သိမ်းပိုက်အုပ်ချုပ်ခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေမှာ ဖော်ပြထားတာကို သတိရမိပါတယ်။

ဗန်းမော်မြို့သမိုင်းကို တွေးနေမိရာမှ အတွေးစကိုဖြတ်ပြီး ဗန်းမော်မြို့ဆိပ်ကမ်းဘက်ကိုသွားရောက်ခဲ့ကြပါတယ်။ ဗန်းမော်ဆိပ်ကမ်းကို စနစ်တကျပြုလုပ်ထားပြီး ဆိပ်ကမ်းအနီးမှာ နေရာ ကျယ်တစ်ခုတည်ရှိနေတာမို့ ဧရာဝတီမြစ်အတွင်း စုန်ဆန်သွားလာနေကြတဲ့ ရေယာဉ်နဲ့စက်တပ်လှေငယ်တွေကို တွေ့မြင်ရပါတယ်။ ဧရာဝတီမြစ်ကျဉ်းဟာ ဗန်းမော်မြို့အထက် ကသာမြို့အနားမှာရှိတာမို့ ဗန်းမော်မြို့ကို ဖြတ်သန်းစီးဆင်းရာမှာရေစီးသန်တာ တွေ့ရပါတယ်။ တစ်ချိန်က သင်္ဘောဆိပ်ကမ်းမြို့ဟောင်းဖြစ်ပြီး တရုတ်နဲ့ ရေလမ်းခရီး ကုန်စည်ရောင်းဝယ်မှုတွေ ထွန်းကားခဲ့တဲ့ ဗန်းမော်မြို့ ဟာ အခုချိန်ထိလည်း မန္တလေး-ကသာ-မြစ်ကြီးနားအထိ ရေလမ်းခရီးအသုံးပြုနေရဆဲပါပဲ။ တရုတ်နယ်စပ်ကုန်သွယ်ရေးဟာ အခုအချိန်မှာတော့ ကားလမ်းခရီးက အဆင်ပြေနေပြီဖြစ်ပါ တယ်။

ဗန်းမော်မြို့ဟာ ကချင်ပြည်နယ် မြို့တော်မြစ်ကြီးနားရဲ့တောင်ဘက် ၁၁၆ မိုင်အကွာမှာ တည်ရှိပြီး တရုတ်နိုင်ငံနယ်စပ်နဲ့ ၆၅ ကီလိုမီတာကွာဝေးပါတယ်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ ဗန်းမော်မြို့နယ်ဟာ မိုင် ၄၀ ခန့် နယ်နိမိတ်ထိစပ်နေတာမို့ တရုတ်-မြန်မာ ကုန်စည်စီးဆင်းမှုရှိနေတာကြောင့် အချက်အချာကျတဲ့ နယ်စပ်ကုန်သွယ်မြို့တစ်မြို့အဖြစ်လည်း တည်ရှိနေပါတယ်။ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့်လည်း သွားလာနိုင်တာကြောင့် လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

ဗန်းမော်မြို့ဆိပ်ကမ်းဟာ စက်လှေနဲ့ရေယာဉ်တွေများများ စားစားဆိုက်ကပ်၊ ထွက်ခွာရတာမျိုးတော့မတွေ့ရပေမယ့် ပုံမှန် ဝင် ထွက်သွားလာနေတာ တော့တွေ့ရပါတယ်။ မန္တလေးမြို့မှ ဗန်းမော်အထိ ဖယ်ရီသင်္ဘောငယ်တွေပြေးဆွဲနေတာရှိပြီး အဲဒီသင်္ဘောငယ်တွေဟာ ကသာအထိ ဆန်တက်တာလည်းရှိပါတယ်။ ကမ္ဘာလှည့်ခရီးသွားတွေဟာ ဧရာဝတီမြစ်ကြောင်းအတိုင်း မန္တလေး မှ ဗန်းမော်အထိ သင်္ဘောနဲ့လာရောက်ကြပြီး လေ့လာမှတ်တမ်းတင်ကြတာမို့ ခရီးသွားတွေအတွက်တော့ ထူးထူးခြားခြား ခရီးစဉ် ဖြစ်နေမှာတော့ အမှန်ပါပဲ။

ဗန်းမော်ဆိပ်ကမ်းအနီးမှာရှိတဲ့ ဆိုင်တစ်ဆိုင်ကိုဝင်ပြီး နံနက် စောစာကို စားသုံးတဲ့အခါ ထူးထူးခြားခြား ခေါပုတ်ကြော်တွေပန်း ကန်နဲ့အပြည့်လာချပေးတာကြောင့် ခေါပုတ်ကြိုက်တဲ့ကျွန်တော် လေးခုလောက်ဆက်တိုက်စားလိုက်တာတစ်ဝပါပဲ။ ကောက်ညှင်းနဲ့သင်းပြီး ဆိမ့်နေတဲ့ခေါပုတ်ကြော်ဟာ လက်ဖက်ရည်နဲ့ လိုက်ဖက်တာကြောင့် ကျွန်တော်ဟာ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ဘက်တွေကိုရောက်ရင် ခေါပုတ်ကြော်ကို စားဖြစ်အောင် စားခဲ့တာချည်းပါပဲ။

လက်ဖက်ရည်ဆိုင်မှာစားသောက်ရင်း "ဟိုမှာတွေ့ရတဲ့ အိမ်က ဦးချမ်းမြင့်ရဲ့ အမျိုးအိမ်ပေါ့" ဟု မိတ်ဆွေတစ်ဦးကပြောလို့လှမ်းကြည့်လိုက်တဲ့အခါ ခပ်ဟောင်းဟောင်းအိမ်တစ်လုံးကို တွေ့ရပါတယ်။ အပေါ်ပိုင်းကသစ်သား ၊ အောက်ခြေက အုတ်တက်ထားတဲ့ တိုက်ခံအိမ်လိုလို အမျိုးအစားအိမ်တစ်လုံးဖြစ်တာမို့ မေးကြည့်တဲ့အခါ "ဦးချမ်းမြင့်ဆိုတာ သတ္တိကောင်းတဲ့ မြန်မာရဲမက်တစ်ဦးပေါ့။ ဗန်းမော်မြို့သားဖြစ်ပြီး ဗန်းမော်မြို့ရဲ့နောက်ဆုံး မြို့ဝန်ဦးထောင်ဗိုလ်လက်ထက်မှာ ဗြိတိသျှဗိုလ်ချုပ်ပရင်ဒါဂတ်ကို သေနတ်နဲ့ပစ်သတ်ဖို့ရင်ဝကို ချိန်ခဲ့တဲ့သူပေါ့" လို့ မိတ်ဆွေဖြစ်သူက ပြောပြပါတယ်။ ဖြစ်ပုံကတော့ ၁၈၈၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှာ ဗြိတိသျှအစိုးရက ဗန်းမော်မြို့ကို သိမ်းပိုက်လိုက်ပါတယ်။ နောက်တစ်နေ့မှာတော့ ဗန်းမော်ခံတပ်ကို ဗိုလ်ချုပ်ပရင် ဒါဂတ်လာရောက် စစ်ဆေးတဲ့အခါ မြန်မာရဲမက်တစ်ဦးဖြစ်တဲ့ ဦးချမ်းမြင့်က ဗန်းမော်မြို့သိမ်းပိုက်ခံရတာကို မကျေနပ်ဖြစ်ပြီး ဗိုလ်ချုပ်ပရင်ဒါဂတ်ကို ပစ်သတ်ဖို့သူရှေ့တည့်တည့်မှာ သူ့ရင်ဝကိုသေနတ်နဲ့ထိုးလိုက်ရာမှာ ဗန်းမော်မြို့ဝန်ဦးထောင်ဗိုလ်က မပစ်ဖို့အမိန့်ပေးခဲ့တာမို့ လက်နက်ချခဲ့ရတာဖြစ်ပါတယ်။ ဗိုလ်ချုပ်ပရင်ဒါဂတ်ကတော့ ဦးချမ်းမြင့်ကို တာဝန်ကျေသူတစ်ဦးအဖြစ် အသိအမှတ်ပြုပြီး သေနတ်တစ်လက် ချီးမြှင့်ခဲ့တယ်လို့ဆိုပါတယ်။ မြန်မာတိုင်းရင်းသားတွေဟာ ကိုယ့်မြေကိုယ့်ရေကိုချစ်မြတ်နိုးသူတွေ ဖြစ်ပြီး အဲဒီအတွက်နဲ့ပတ်သက်လာရင် အသက်စွန့်ဖို့ ဝန်မလေးသူတွေ၊ ရင်ဆိုင်ဖို့အသင့်ရှိနေ သူတွေအဖြစ် မြန်မာ့သမိုင်းမှာ အများကြီးရှိနေခဲ့ကြပါတယ်။ ဦးချမ်းမြင့်ရဲ့စိတ်ဓာတ်ကိုတော့ အသိအမှတ်ပြုရမှာဖြစ်သလို ဒီလို သမိုင်းမှတ်တမ်းတင်မခံရသူတွေ မြန်မာနိုင်ငံတစ်ဝန်းမှာ အများ ကြီးရှိနေမှာပဲဟု အတွေးဆန့်နေမိပါတယ်။

ကျွန်တော်တို့ဆိပ်ကမ်းအနီး လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့ကြပြီး ဗန်းမော်မြို့ထဲထွက်လာခဲ့ကြတယ်။ ဗန်းမော်မြို့ဟာ ဦးချမ်းမြင့်လို ပုဂ္ဂိုလ်မျိုးတွေရှိခဲ့သလို ဒီဘက်ခေတ်မှာလည်း စာရေးဆရာဗန်းမော်တင်အောင်၊ ကဗျာဆရာ ဗန်းမော်ညိုနွဲ့၊ အဆို တော်ပြည်လှဖေတို့လို ပုဂ္ဂိုလ်တွေပေါ်ထွက်ခဲ့ရာ မြို့လည်းဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့ရေကူးချန်ပီယံ တင်မောင်နီလည်း ဗန်းမော် မြို့ခွန်သာရပ်ဇာတိဖြစ်သလို လုံ့တံပစ်ချန်ပီယံ ခင်ခင်ထွေးလည်း ဗန်းမော်မြို့ ကုက္ကိုလ်တောရပ်ဇာတိဖြစ်တာမို့ ဗန်းမော်မြို့ဟာ နိုင်ငံအကျိုးပြုပုဂ္ဂိုလ်တွေ မွေးဖွားရာမြို့လည်းဖြစ်တယ်လို့ တွေးမိပါတယ်။

ကျွန်တော်တို့ဗန်းမော်မြို့ရဲ့ကျက်သရေဆောင် ရွှေသိမ်တော်စေတီကို သွားရောက်ဖူးမြော်ခဲ့ကြတယ်။ ရွှေသိမ်တော်စေတီဟာ ခေါင်းလောင်းပုံသဏ္ဌာန်ရှိပြီး ထူးထူးခြားခြားတည်ထားခြင်းဖြစ်လို့ စိတ်ဝင်စားစရာပါပဲ။ ရွှေသိမ်တော်စေတီဟာ ဗန်းမော်စော်ဘွားနေမျိုးမင်းလှဘွဲ့ခံ ဦးကံဟာ တရုတ်နိုင်ငံအပြန် ၁၇၉၄ ခုနှစ်က တရုတ်ခေါင်းလောင်းပုံသဏ္ဌာန်စေတီတစ်ဆူကို တည်ထားကိုးကွယ်လိုတဲ့ ဆန္ဒပြင်းပြတာမို့ အဲဒီနှစ်မှာပဲ ရွှေသိမ်တော်စေတီကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပါတယ်။ လုံးတော်ပြည့် ရွှေချထားတာမို့ ကြည်ညိုသပ္ပာယ်စရာကောင်းတဲ့စေတီဖြစ်ပြီး အဝေးက လှမ်းမျှော်ဖူးလို့လည်း မြင်တွေ့ရတဲ့ စေတီဖြစ်ပါတယ်။

ရွှေသိမ်တော်စေတီကို ဦးချဖူးမြော်ကာ ကြည့်ရှုလေ့လာပြီး နောက် ကျွန်တော်တို့ပြန်ထွက်လာခဲ့ကြပါတယ်။ ဗန်းမော်မြို့ လယ်ကနေပြီး မြောက်ဘက်သုံးမိုင်ခန့်အကွာမှာ တည်ရှိနေတဲ့ ဆန်ပါနဂို မြို့ဟောင်းဘက်ကို ဦးတည်ပြီး ကျွန်တော်တို့ ကားနဲ့ လာခဲ့ကြပါတယ်။ ကျွန်တော်တို့ငယ်ငယ်က ကြားဖူးနားဝရှိခဲ့တဲ့ "ညောင်ဦးကမ်းပါးပြိုတာနဲ့ ဆန်ပါနဂိုက နွားမပေါင်ကျိုး" ဆိုတဲ့စကားကို သွားပြီးသတိရမိပြန်ပါတယ်။ အဲဒီစကားထဲမှာပါတဲ့ ဆန်ပါနဂိုဆိုတာ အခုကျွန်တော်တို့ သွားနေတဲ့ ဆန်ပါနဂို ဟုတ်မဟုတ်ဆိုတာတော့ သေချာမဝေခွဲနိုင်ဘူး၊ အချိန်အနည်းငယ်အတွင်းမှ ဆန်ပါနဂိုမြို့ဟောင်းကို ကျွန်တော်တို့ရောက်လာပါတယ်။

ဆန်ပါနဂိုမြို့ဟောင်းဟာ ဧရာဝတီမြစ်နဲ့ တာပိန်မြစ်တို့ဆုံရာ အရပ်အနီးမှာ တည်ရှိနေတာဖြစ်ပြီး အခုချိန်မှာတော့ မြို့ဟောင်း မြို့ရိုးအစိတ်အပိုင်း အပျက်အစီးတွေပဲ တည်ရှိနေတာတွေ့ရပါတယ်။ ဆန်ပါနဂိုမြို့ဟောင်းကိုကြည့်ပြီး ရှေးခေတ်ပုဂ္ဂိုလ်တွေဟာ ကုန်းလမ်း၊ ရေလမ်းနှစ်သွယ်ကောင်းမွန်တဲ့နေရာကို ရွေးချယ်ပြီး မြို့တည်ခဲ့တာကြောင့် အဲဒီအချိန်မှာတော့ ဆန်ပါနဂိုမြို့ဟာ စီးပွားရေးနဲ့ကုန်သွယ်ကူးသန်းမှုတွေ ကောင်းမွန်ဖွံ့ဖြိုးခဲ့မှာ အမှန်ပဲလို့ တွေးနေမိပြန်ပါတယ်။ ဆန်ပါနဂိုမြို့ဟောင်းကို ကမ္ဘာ့လှည့်ခရီး သွားတွေလာရောက်ကြည့်ရှုလေ့လာမှုတွေရှိတယ်လို့ သိရပါတယ်။ ဗန်းမော်မြို့ကနေပြီး ဆန်ပါနဂိုမြို့ဟောင်းကို အငှားယာဉ်၊ ဆိုင်ကယ်တွေနဲ့သွားလာလို့ရတာမို့ ကမ္ဘာလှည့် ခရီးသွားတွေ ကို ပိုမိုဆွဲဆောင်နိုင်အောင် ထိန်းသိမ်းမှုတွေတိုးမြှင့်ပြုလုပ်ဖို့ တော့ လိုအပ်နေတာ အမှန်ပါပဲ။

ဆန်ပါနဂိုမြို့ဟောင်းကို လေ့လာကြည့်ရှုရင်း ဗန်းမော်မြို့အနီးဝန်းကျင်မှာရှိတဲ့ ငဆောင်ချမ်းမြို့ဟောင်း၊ ကောင်းတုံ မြို့ဟောင်းနဲ့ ကောင်းစင် မြို့ဟောင်းတွေ ရှိတာကို လေ့လာခဲ့ဖူးခဲ့တဲ့ မှတ်တမ်းတွေအရ အမှတ်ရနေပြန်ပါတယ်။ ငဆောင်ချမ်းမြို့ဟောင်းဟာ ဗန်းမော်မြို့တစ်ဖက်ကမ်းမှာရှိတဲ့ မြစေတီရွာအနားမှာ တည်ရှိခဲ့တာဖြစ်ပြီး မွန်ဂိုတိုက်ပွဲအတွင်းမှာတော့ ထင်ရှားခဲ့တဲ့နေရာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ငဆောင် ချမ်းမြို့ဟောင်းနေရာမှာ ထင်ရှားတဲ့ အထောက်အထားတွေ မရှိတော့ပါဘူး။ ပြန်လည်တူးဖော်လေ့လာမှုတွေပြုလုပ်ရင်တော့ သဲလွန်စရနိုင်မလား တွေးနေမိပါတယ်။ ကောင်းတုံမြို့ဟောင်းကလည်း ဗန်းမော်မြို့တောင်ဘက် ၁၂ မိုင်ခန့်အကွာ ဧရာဝတီမြစ်ကမ်းအနီးမှာ တည်ရှိခဲ့တာဖြစ်ပါတယ်။ မြန်မာဘုရင် ဆင်ဖြူရှင်မင်းလက်ထက် တရုတ်-မြန်မာစစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုခဲ့ရာ အရပ်ဖြစ်လို့ သမိုင်းဝင်နေရာဖြစ်တယ်လို့ ဆိုပါတယ်။ အခုချိန်မှာတော့ ရွာငယ်တစ်ရွာအဖြစ်အနေနဲ့ သာတည်ရှိနေပါတယ်။ ဒီလိုပါပဲ တစ်ချိန်က မြို့တစ်မြို့အဖြစ် ဖွံ့ဖြိုးစည်ပင်ခဲ့တဲ့ မြို့ဟောင်းကလည်း ဗန်းမော်မြို့အနီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှာ တည်ရှိခဲ့ပေမယ့် အခုအချိန်မှာတော့ ရွာငယ်တစ်ရွာအဖြစ်သာ တည်ရှိနေပါတော့တယ်။

ဆန်ပါနဂိုမြို့ဟောင်းကိုလေ့လာရင်း အတွေးနယ်ချဲ့နေ မိတာကိုရပ်ကာ ဗန်းမော်မြို့ကိုပြန်လာခဲ့ကြပါတယ်။ တကယ် တော့ သမိုင်းနေရာတွေ ဝိုင်းရံနေတဲ့ ဗန်းမော်မြို့က စိတ်ဝင်စားစရာ၊ လေ့လာစရာကောင်းတာတော့အမှန်ပါပဲ။ ဒါကြောင့်မို့ ခရီးသွားလုပ်ငန်းအတွက် ခရီးစဉ်ဒေသတစ်ခုအဖြစ် စိတ်ထဲ ပုံဖော်ရင်း ဆန်ပါနဂိုမြို့ဟောင်းကနေ ပြန်လာတဲ့လမ်းတစ် လျှောက်မှာတော့ အတွေးနယ်ထဲ နစ်မြုပ်ကာ တိတ်ဆိတ် နေမိပါတော့တယ်။

**ဗန်းမော်မြို့ဆိပ်ကမ်းဟာ စက်လှေနဲ့ ရေယာဉ်တွေ များများစားစားဆိုက်ကပ်၊ ထွက်ခွာရတာမျိုးတော့ မတွေ့ရပေမယ့် ပုံမှန်ဝင်ထွက်သွားလာနေတာ တော့တွေ့ရပါတယ်။ မန္တလေးမြို့မှ ဗန်းမော်အထိ ဖယ်ရီသင်္ဘောငယ်တွေ ပြေးဆွဲနေတာရှိပြီး အဲဒီသင်္ဘောငယ်တွေဟာ ကသာအထိ ဆန်တက်တာလည်း ရှိပါတယ်။**



ဗန်းမော်မြို့တွင်း တစ်နေရာအား တွေ့ရစဉ်



# သဘော်ပေါ်တွင် အမဲသား မစားရန်နှင့် ပုဒ်ထားရှုပ်ဝါကျ

**မောင်ခင်မင်(ဓနုဖြူ)**

"ဘဘ။ သမီးအဘိုးပြောပြတဲ့ဝါကျတစ်ခုသတိရလို့ ဘဘကိုပြောပြချင်လို့ပါ"

"ပြောလေသမီး"

"ဝါကျအထားအသိုနဲ့ပတ်သက်ပြီး အဘိုးတို့ငယ်ငယ်တုန်းက ဆရာနမူနာပြတဲ့ဝါကျကို မှတ်မိနေလို့ အဘိုးက သမီးကို ပြောပြတာပါ"

"ဟုတ်လား"

"အဘိုးပြောပြတဲ့ဝါကျက 'လယ်တီဆရာတော်သည် သဘော်ပေါ်တွင် အမဲသား မစားရန် တရားဟောသည်'တဲ့ ဘဘ"

"ဩော် ...အေး ဟုတ်ပြီ"

"ဒီဝါကျအတိုင်းဆိုရင်တော့ လယ်တီဆရာတော်က သဘော်ပေါ်မှာတော့ အမဲသား မစားကြနဲ့၊ စားချင်ရင်အောက်ဆင်းစားကြလို့ ပြောသလိုဖြစ်နေတာပေါ့လို့ အဘိုးတို့ ဆရာက ရှင်းပြတယ် ... တဲ့"

"ဟုတ်တာပေါ့"

"ဒီတော့ ဒီလို အဓိပ္ပာယ်ပေါက်သွားတာက 'သဘော်ပေါ်တွင်' ကို 'တရားဟောသည်' နဲ့ကပ်မထားဘဲ 'အမဲသားမစားရန်'နဲ့ မဆီမဆိုင်ကပ်ထားလို့ အဲဒီအဓိပ္ပာယ်ပေါက် သွားတာ။ 'လယ်တီဆရာတော်သည် အမဲသားမစားရန် သဘော်ပေါ်တွင် တရားဟောသည်'လို့ရေးရင် အဓိပ္ပာယ်ရှုပ်စရာမရှိဘူးလို့ ဆရာသင်ခဲ့တာ မှတ်မိနေတဲ့အကြောင်း အဘိုးက ပြောပြတာပါ"

"သိပ်ကောင်းတဲ့ သာဓကပေါ့ကွယ်။ ဘဘတို့ငယ်ငယ်ကလည်း ဆရာက အဲဒီဝါကျကို သာဓကပေးဖူးလို့ ဘဘလည်းမှတ်မိနေတယ်"

"ဩော်... ဟုတ်ကဲ့ပါ"

"သဒ္ဒါစကားနဲ့ ပြောရရင်တော့ ကြိယာဝိသေသန၊ ကြိယာအထူးပြုလို့လည်း ခေါ်တယ်။ အဲဒီကြိယာဝိသေသနကို သက်ဆိုင်တဲ့ ကြိယာနဲ့ကပ်မထားဘဲ မသက်ဆိုင်တဲ့ကြိယာနဲ့ကပ်ထားရင် အဲဒီလိုဖြစ်တတ်တယ်လို့ နားလည်ရတာပေါ့ကွယ်"

"သမီးညီမလေးကို သင်ပေးနေတဲ့ သဒ္ဒါစာအုပ်မှာလည်း အဲဒီဝါကျမျိုး ပါတယ်ဘဘ။ 'စာသင်ခန်းတွင် လိမ်မပြောရန် တပည့်များကို ဆရာကဆုံးမသည်' တဲ့"

"ဒီတော့ စာသင်ခန်းထဲမှာတော့ လိမ်မပြောနဲ့၊ အပြင်ရောက်မှလိမ်ပြောချင်ပြောလို့ ပြောသလိုဖြစ်နေတာပေါ့"

"ဟုတ်ကဲ့ပါ။ ဒါကြောင့် 'လိမ်မပြောရန် တပည့်များကိုဆရာက စာသင်ခန်းတွင် ဆုံးမသည်'လို့ ပြင်ရမယ်ဆိုတာ စာအုပ်မှာရှင်းပြထားပါတယ်"

"ဟုတ်တာပေါ့"

"ဒီသာဓကတွေကတော့ အဓိပ္ပာယ်ကိုစဉ်းစားလိုက်ရုံနဲ့ ပုဒ်အထားအသို မဆီလျော်တာ ချက်ချင်းသိနိုင်တဲ့ ဝါကျတွေပါ ဘဘ။ ဒါပေမယ့် ဘဘရယ်"

"ဟော...'ဒါပေမယ့်' ပြန်ပြီ၊ ဘာတွေ့ပြန်ပြီလဲ သမီး"

"အဲဒီသဒ္ဒါစာအုပ်ရဲ့ လေ့ကျင့်ခန်းမှာ ကြိယာဝိသေသနပုဒ် အထားအသို အစီအစဉ်သင့်အောင် ပြန်ဖွဲ့ခိုင်းတဲ့ဝါကျတစ်ခုကို သမီးဘဝင်မကျလို့ပါ"

"ဆိုပါဦး"

"ဝါကျက 'ဘင်ခရာအဖွဲ့က တေးသီချင်းများကိုအောင်မြင်စွာသီဆို တီးမှုတ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်'တဲ့ ဘဘ"

"ဒီတော့"

"ဒီတော့ 'အောင်မြင်စွာ'ဆိုတဲ့ ကြိယာဝိသေသနကို 'သီဆိုတီးမှုတ်၍' နဲ့ ကပ်ထားတာ အစီအစဉ်မသင့်ဘူးလို့ မေးခွန်းထုတ်တဲ့ပုဂ္ဂိုလ်က ယူဆတယ်ဆိုတာ ထင်ရှားတာပေါ့။ ဒါကြောင့် 'အောင်မြင်စွာ'ကို နေရာရွှေ့ပြီး 'အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်'လို့ရေးမှ အစီအစဉ်သင့်မယ်လို့ဆိုလိုတာ မဟုတ်လား ဘဘရယ်"

"ဟုတ်ပါပြီ ၊ ဒီတော့"

"ဒါပေမယ့် ဘဘရယ်၊ တေးသီချင်းများကို အောင်မြင်စွာ သီဆိုတီးမှုတ်၍ ဆိုတာလည်း မှန်နေတာပဲဟာ။ အမှားအယွင်းမရှိဘဲ အစအဆုံး ညီညီညာညာ သီဆိုတီးမှုတ်နိုင်လို့ 'အောင်မြင်စွာ သီဆိုတီးမှုတ်၍'လို့ ပြောတာလည်း ဖြစ်နိုင်တာပဲလေ"

"ဟုတ်ပ့ါဗျာ"

"ဒီတော့၊ 'အောင်မြင်စွာသီဆိုတီးမှုတ်၍'ဆိုတာဟာ 'သဘော်ပေါ်တွင် အမဲသား မစားရန်'တို့၊ 'စာသင်ခန်းတွင် လိမ်မပြောရန်' တို့လို မဆီလျော်တာမှမဟုတ်တာလေ"

"ဟုတ်ပါတယ် သမီးရယ်၊ မေးခွန်းထုတ်တဲ့သူက 'အောင်မြင်စွာ'ကို 'ရုပ်သိမ်းလိုက်သည်' နဲ့တွဲမှ ဆီလျော်မယ်လို့ ကြိုတင်ယူဆပြီး ဒီမေးခွန်းထုတ်တာ နေမှာပါ။ ဒီမေးခွန်းမှာ အားနည်းချက်ရှိတာပေါ့"

"ဟုတ်ပါတယ် ဘဘ"

"တစ်ခါက သမိုင်းဆောင်းပါးတစ်ပုဒ်မှာ ရေးထားပုံကို မြန်မာစာပညာရှင်တစ်ယောက်က ထောက်ပြဖူးတယ်။ ရေးထားပုံက 'မသနားမညှာတာ ဆန္ဒပြလာကြသော လူထုကို ဗာဘုရင်၏ ရဲတပ်ဖွဲ့သားများက ပစ်ခတ်နှိမ်နင်းသည်'တဲ့"

> **"သဒ္ဒါစကားနဲ့ ပြောရရင်တော့ ကြိယာဝိသေသန၊ ကြိယာအထူးပြုလို့လည်းခေါ်တယ်။ အဲဒီကြိယာဝိသေသနကို သက်ဆိုင်တဲ့ကြိယာနဲ့ ကပ်မထားဘဲ မသက်ဆိုင်တဲ့ကြိယာနဲ့ ကပ်ထားရင် အဲဒီလိုဖြစ်တတ်တယ်လို့ နားလည်ရတာပေါ့ကွယ်"**

"ဩော် ဟုတ်ကဲ့"

"သမီးစဉ်းစားကြည့်လေ။ 'မသနားမညှာတာ'နဲ့ 'ဆန္ဒပြ'နဲ့ တွဲတာ ဘယ်ဆီလျော်ပါ့မလဲ။ မသနားမညှာတာ ဆန္ဒပြတယ်လို့ သုံးလေ့မှမရှိတာ။ မသနားမညှာတာ ပစ်ခတ်နှိမ်နင်းတယ်လို့သုံးမှ ဆီလျော်မှာပေါ့။ ဒါကြောင့် 'ဆန္ဒပြလာကြသောလူထုကို ဗာဘုရင်၏ ရဲတပ်ဖွဲ့သားများက မသနားမညှာတာ ပစ်ခတ်နှိမ်နင်းသည်' လို့ရေးမှ ပုဒ်အထားအသို အစီအစဉ်သင့်မှာပေါ့ကွယ်"

"ဟုတ်ပါတယ် ဘဘ"

"တစ်ခုတော့ရှိတယ်။ အဓိပ္ပာယ်ရှုပ်ထွေးစရာ မရှိရင်တော့ ပုဒ်တွေကို ပုံသေမဟုတ်ဘဲ သင့်သလို ထားနိုင်တာမျိုးတွေလည်း ရှိတာပေါ့ကွယ်"

"ဘယ်လိုမျိုးလဲ ဘဘ"

"ဆိုပါတော့ကွယ်၊ 'မနေ့က ဦးလေးပြောပြသော အဖြစ်အပျက်ကို ကျွန်တော် ပြန်စဉ်းစားမိသည်'ဆိုတဲ့ ဝါကျမျိုးမှာ 'မနေ့က ဦးလေးပြောပြသော အဖြစ်အပျက်ကို' ဆိုတဲ့ အထားအသိုကို တချို့က မမှန်ဘူးလို့ ထင်ကြတယ်။ 'ဦးလေး မနေ့ကပြောပြသော အဖြစ်အပျက်ကို' လို့ ရေးမှ မှန်တယ်လို့ ထင်ကြတယ်"

"ဩော်....ဟုတ်ကဲ့ပါ"

"သမီးစဉ်းစားကြည့်လေ။ 'မနေ့ကဦးလေးပြောပြသော အဖြစ်အပျက်'ဆိုတဲ့ အစီအစဉ်မှာ 'မနေ့က'နဲ့ 'ဦးလေး'နဲ့ ကပ်ထားတာ ဘာပြဿနာရှိသလဲ။ 'မနေ့က ဦးလေး'ဆိုတာ 'ဒီနေ့ဦးလေး'မဟုတ်ဘူးလို့ ကတ်သီးကတ်သတ် ပြောလို့တော့ ရတာပေါ့။ ဒါပေမယ့် 'မနေ့ကဦးလေး'နဲ့ 'ဒီနေ့ဦးလေး' ဆိုပြီး ဦးလေးကို ခွဲတဲ့ထုံးစံမှ မရှိတာကွယ်။ ဒီတော့ 'မနေ့က ဦးလေး' လို့ပြောတာနဲ့ 'ဒီနေ့ဦးလေး မဟုတ်တော့ဘူး' လို့ စဉ်းစားစရာအကြောင်းမှ မရှိတာ။ ဒီတော့ 'မနေ့က' ဆိုတာ 'ဦးလေး'နဲ့ ဆက်စရာမလိုဘဲ 'ပြောပြသော' နဲ့ပဲ ဆက်ရမယ်ဆိုတာ ရှင်းနေတာပဲလေ"

"ဒါဆိုရင် နှစ်မျိုးစလုံးမှန်တာပေါ့နော် ဘဘ"

"အေးပေါ့။ 'မနေ့က' ဆိုတဲ့ အချိန်ကာလကို အရင်ပြောချင်ရင် 'မနေ့က ဦးလေး ပြောပြသော အဖြစ်အပျက်'လို့ ပြောမိမှာပေါ့။ အဲ... ဦးလေးကို အရင်ပြောချင်ရင်တော့ 'ဦးလေး မနေ့က ပြောသော အဖြစ်အပျက်'လို့ ပြောမိမှာပေါ့။ ဘယ်ဟာကို အလေး ပေးတာလဲဆိုတာကို မူတည်ပြီး ပြောပုံရေးပုံကွာမှာပေါ့ကွယ်"

"ဒါဆိုရင် ဘဘ၊ 'အထူးကျေးဇူးတင်ပါသည်'နဲ့ 'ကျေးဇူးအထူးတင်ပါသည်' ဆိုတဲ့ အသုံးနှစ်ခုမှာ ဘယ်အသုံးက ပိုပြီးသင့်လျော်သလဲဟင်"

"ဒါလည်း ပြဿနာမရှိပါဘူး။ တွဲပြောပြော၊ ခွဲပြောပြော အဓိပ္ပာယ်ရှုပ်စရာလည်း မရှိပါဘူး။ 'ကျေးဇူးတင်' ဆိုတဲ့ စကားတစ်ခုလုံးကို ကြိယာပုဒ်အနေနဲ့ သုံးရင် အထူးပြုချင်တဲ့အခါ ရှေ့က 'အထူး' ဆိုတဲ့စကားထည့်ပြီး 'အထူးကျေးဇူးတင်ပါသည်' လို့ သုံးတာပေါ့။ ဒါမှမဟုတ် 'ကျေးဇူး'နဲ့ 'တင်' ကို စကားပေါင်းအနေနဲ့မယူဘဲ တစ်လုံးစီခွဲယူပြီး အထူးပြုချင်တဲ့အခါ 'အထူး'ကို ကြိယာဖြစ်တဲ့ 'တင်' ရဲ့ ရှေ့မှာ ကပ်ပြီး 'ကျေးဇူးအထူးတင်ပါသည်' လို့သုံးတာပေါ့။ 'ကျေးဇူးတင်' ကို စကားတစ်လုံးတည်းလို သဘောထားတာလား၊ စကားနှစ်လုံးတွဲလို သဘောထားတာလား ဆိုတာပေါ်မှာ မူတည်ပြီး သုံးပုံကွဲသွားတာပါပဲ။ နှစ်ခုစလုံး သင့်လျော်တာချည်းပါပဲ။ သုံးသူရဲ့ဆန္ဒအရ၊ သုံးလေ့ရှိပုံအရ ကြိုက်ရာသုံးကြတာပါလို့ပဲ မှတ်ထားပေါ့သမီးရယ်"

"ဟုတ်ကဲ့ပါ ဘဘ"

# ပန်းနာရောဂါကို ကာကွယ်ပေးနိုင်မည့် အဏုဇီဝပါဝင်ပစ္စည်းတစ်မျိုးကို မွေးမြူရေးတိရစ္ဆာန်များတွင်တွေ့ရှိ

**ကလျာမိုးမြင့်**

မွေးမြူရေး တိရစ္ဆာန်တွေဆီကနေ အိမ်ထဲကို ဖုန်မှုန့်အသွင်နဲ့ ဝင်ရောက်လာတဲ့ ထူးဆန်းတဲ့ အဏုဇီဝပါဝင်ပစ္စည်းတစ်မျိုးဟာ ကလေးငယ်တွေမှာ ဖြစ်တတ်တဲ့ ပန်းနာရောဂါကို ကာကွယ်ပေးနိုင်မယ့် အလားအလာတွေရှိရကြောင်း ပညာရှင်အချို့က သုံးသပ်ခဲ့ကြပါတယ်။

ဗုဒ္ဓဟူးနေ့က ပုံနှိပ်ထုတ်ဝေတဲ့ New England ဆေးပညာဂျာနယ်ထဲမှာ ဖော်ပြထားတဲ့ စမ်းသပ်တွေ့ရှိမှုရလဒ်တွေက ကျွဲ၊ နွားတွေ၊ မြင်းတွေနဲ့ အထိအတွေ့သိပ်မရှိလှတဲ့ ကလေးငယ်တွေအတွက်ပါ အလားတူကာကွယ်မှုမျိုးလုပ်ဆောင်ပေးမယ့် စပရေးတစ်မျိုးကို အဆင့်မြှင့်တင် ထုတ်လုပ်သွားမယ့်အကြောင်း ဆွဲဆောင်ရေးသားထားပါတယ်။

ကျောင်းနေအရွယ် ကလေးငယ်များရဲ့ ၁၀ ဒသမ ၆ ရာခိုင်နှုန်းလောက်က ပန်းနာရင်ကျပ်ဝေဒနာကို ခံစားနေရတယ်လို့ ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဗဟိုဌာနရဲ့စစ်တမ်းတွေက ဖော်ပြနေတဲ့အတွက် ဒါဟာခေါင်းခဲစရာ ပြဿနာတစ်ရပ် ဖြစ်လာပါတယ်။ ကြောက်စရာကောင်းတဲ့ နာတာရှည်ပန်းနာရင်ကျပ်ရောဂါကို အမြစ်ပြတ်ကုသနိုင်တဲ့ ကုထုံး မရှိသေးပါဘူး။

ကလေးငယ်တွေဟာ ဘဝသက်တမ်းရဲ့ အစောဆုံးအသက်အပိုင်းအခြားမှာ ကျွဲ၊ နွားတွေဆီက ရောက်ရှိလာတဲ့ အဏုဇီဝပစ္စည်းတွေနဲ့ ထိတွေ့မိပြီး ကိုယ်ခံအားစနစ်ကို လှုံ့ဆော်ခံလိုက်ရတယ်ဆိုရင် ပန်းနာရင်ကျပ်ရောဂါကို ကာကွယ်ပြီးသားဖြစ်ပါလိမ့်မယ်လို့ ဆိုထားပါတယ်။ ပန်းနာရောဂါ ဖြစ်ပွားမှုနှုန်းဟာ ပိုပြီးမြင့်တက်လာနေတဲ့အတွက် ကျန်းမာရေးအထောက်အကူပြု လေ့လာစမ်းသပ်မှုတွေကို သုတေသီတွေက တစ်ခုပြီးတစ်ခု လုပ်ဆောင်နေပါတယ်။

အဲဒီလို စမ်းသပ်လုပ်ဆောင်ရာမှာ ကြောင်းကျိုးဆီလျော်မှုအရှိဆုံး တွေ့ရှိချက်ကတော့ စိုက်ပျိုးမွေးမြူရေးခြံလုပ်ကိုင်တဲ့နေရာတွေမှာ ကြီးပြင်းလာတဲ့ ကလေးငယ်တွေဟာ တခြားပတ်ဝန်းကျင်မှာ ကြီးပြင်းလာတဲ့ ကလေးငယ်တွေလောက် ပန်းနာရောဂါမခံစားရဘူးဆိုတဲ့အချက်ပါပဲ။ ဒါပေမယ့် ကလေးငယ်တွေထဲမှာ ပန်းနာရင်ကျပ်ဝေဒနာကို အနည်းအကျဉ်းလောက်သာ ခံစားရတဲ့သူနဲ့ အပြင်းအထန်ခံစားရတဲ့သူဆိုပြီး ကွဲပြားခြားနားမှုတွေလည်း ရှိနေနိုင်သေးတဲ့အတွက် ဘယ်အချက်က ပန်းနာရင်ကျပ်ဖြစ်ပွားမှုနှုန်းကို ကွဲပြားသွားစေသလဲဆိုတာကို အတိအကျပြောဆိုလို့ မရပါဘူး။

စူးစမ်းလေ့လာသူများက စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သူတွေဖြစ်ကြတဲ့ အင်ဒီယားနားပြည်နယ်မှာရှိတဲ့ အာမစ်ရှ်လူမျိုးစုတွေနဲ့ မြောက်ပိုင်းဒါကိုတာမှာရှိတဲ့ ဟတ်ထရိုက်တွေကို အုပ်စုနှစ်ခုခွဲကာ လေ့လာလိုက်တဲ့အခါမှာ ထူးခြားတဲ့အချက်တွေကို တွေ့ခဲ့ပါတယ်။ အာမစ်ရှ်လူမျိုးတွေမှာ ပန်းနာရင်ကျပ်ဖြစ်ခဲ့ပြီး လူဦးရေရဲ့၂ ရာခိုင်နှုန်းကနေ ၄ ရာခိုင်နှုန်းလောက်သာ တွေ့ရပေမယ့် ဟတ်ထရိုက်တွေမှာတော့ လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းလောက်ထိ ရောဂါဖြစ်ပွားမှုများတာကို သတိပြုမိခဲ့ပါတယ်။

မျိုးနွယ်စုနှစ်ခုရဲ့ မျိုးရိုးဗီဇဆိုင်ရာ နောက်ခံသမိုင်းကြောင်း တွေကလည်း

> **စမ်းသပ်လုပ်ဆောင်ရာမှာ ကြောင်းကျိုးဆီလျော်မှုအရှိဆုံး တွေ့ရှိချက်ကတော့ စိုက်ပျိုးမွေးမြူရေးခြံလုပ်ကိုင်တဲ့ နေရာတွေမှာ ကြီးပြင်းလာတဲ့ ကလေးငယ်တွေဟာ တခြားပတ်ဝန်းကျင်မှာ ကြီးပြင်းလာတဲ့ကလေးငယ်တွေလောက် ပန်းနာရောဂါ မခံစားရဘူးဆိုတဲ့အချက်ပါပဲ**

ဆင်တူနေပါတယ်။ အာမစ်ရှ်တွေရဲ့ မူလအစဟာ ဆွစ်ဇာလန်နိုင်ငံကဖြစ်ပြီး ဟတ်ထရိုက်တွေကတော့ ဩစတြီးယားက ဖြစ်ပါတယ်။ နေထိုင်စားသောက်မှုပုံစံအားဖြင့်လည်းတူညီပြီး ဆေးလိပ်မီးခိုးငွေ့နဲ့ ညစ်ညမ်းတဲ့လေထု ထိတွေ့မှုနည်းပါးကာ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းလည်း မရှိတဲ့အပြင် အုပ်စုနှစ်ခုလုံးဟာ နေအိမ်သန့်ရှင်းမှုကို အထူးဂရုစိုက်သူတွေ ဖြစ်ကြပါတယ်။

ဒါပေမယ့် မွေးမြူရေးလုပ်ကိုင်တဲ့ နေရာမှာ မတူတဲ့အချက်တစ်ခုရှိနေပါတယ်။ အာမစ်ရှ်တွေဟာ မိသားစုတစ်ခုတည်းပိုင် မွေးမြူရေးခြံမှာနေထိုင်ကြပါတယ်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမရှိဘဲ ထွန်ယက်စိုက်ပျိုးဖို့နဲ့ သယ်ယူပို့ဆောင်ဖို့ မြင်းတွေကို သုံးပါတယ်။ စပါးကျီတွေဟာ နေအိမ်အနီးမှာရှိပြီး ကလေးငယ်တွေဟာ စပါးကျီထဲမှာ သွားရောက်ဆော့ကစားလေ့ရှိပါတယ်။ ဟတ်ထရိုက်တွေမှာကျတော့ အများပိုင်စက်မှုလုပ်ငန်းသုံး စိုက်ပျိုးမွေးမြူရေး ခြံတွေဖြစ်ပြီး ကျွဲ၊ နွားတွေကို နေအိမ်နဲ့ဝေးကွာတဲ့ ခြံကျယ်ကြီးတွေထဲမှာ မွေးမြူထားပါတယ်။ ကလေးငယ်တွေဟာလည်း စပါးကျီထဲမှာ သွားရောက်ဆော့ကစားတာမျိုး မရှိပါဘူး။

အာမစ်ရှ်ကလေးငယ်တွေမှာ နျူထရိုဖီးလ် (neutrophils) လို့ခေါ်တဲ့ သွေးဖြူဥ ဆဲလ်ပမာဏများစွာရှိနေပြီး အဲဒီသွေးဖြူဥတွေက ခုခံအားစနစ်ရဲ့ ဆေးဖက်အကူအညီတွေ ဖြစ်ပါတယ်။ ဒီကလေးငယ်တွေမှာ နျူထရိုဖီးလ်တွေဟာ ရိုးတွင်းချဉ်ဆီကနေ အသစ်တစ်ဖန်ပြန်လည်ဖြစ်ပေါ်တာကြောင့် အဏုဇီဝပိုးမွှားတွေရဲ့ ကျူးကျော်ဝင်ရောက်မှုကို အဆက်မပြတ် တုံ့ပြန်နိုင်ခြင်းဖြစ်ပါတယ်။

**(နယူးယောက်တိုင်းမ်)**



မြန် မာ့ ရိုး ရာ အား က စား

# တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာတို့၏ရိုးရာသိုင်း တစ်ခေတ်ပြန်လည်ဆန်းသစ်လာတော့မည်လား

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**ယနေ့ခေတ်လူငယ်များကြား သဲ့သဲ့ပြန်လည်လှုပ်ခတ်စပြုလာသည့် မြန်မာ့ရိုးရာသိုင်း။ ယနေ့အချိန်အခါတွင် တိမ်မြုပ်ပျောက်ကွယ်လုနီးနီးဖြစ်နေသည့် မြန်မာ့ရိုးရာသိုင်းပညာသည် မြန်မာ့သမိုင်း တစ်လျှောက် ပြောင်းမြောက်ခဲ့မှုဖြစ်စဉ်များကို ပြန်ပြောင်းကြည့်မှသာ တန်ဖိုးမဖြတ်နိုင်ခဲ့သည့် အမွေအနှစ်များဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ သမိုင်းဆိုသည်မှာ လူသားများ၏ အခြေအမြစ် ဖြစ်သလို မြန်မာ့သမိုင်းစဉ်ကိုကြည့်လျှင် မြန်မာ့ရိုးရာသိုင်းသည် တစ်ခေတ်တစ်ခါက တိုင်းပြည်အတွက် အဓိကနေရာကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့သည်မှာ အထင်အရှားပင်။ ယခုလို မြန်မာပြည်ကြီး တည်တံ့ခိုင်မြဲအောင်၊ မြန်မာနိုင်ငံတော်ဟု ပေါ်ထွန်းလာအောင် လူမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ခဲ့သည်က ရိုးရာလောကတစ်ခွင် တစ်ခေတ်တစ်ချိန်က မြန်မာ့ရိုးရာသိုင်းပင် ဖြစ်ပေသည်။**



၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာသိုင်းအဖွဲ့သရုပ်ပြဟန်

"အတိတ်ကာလကို ပြန်ပြောင်းကြည့်ရင် ပုဂံခေတ် အနော်ရထာမင်းလက်ထက်(ပထမမြန်မာနိုင်ငံတော်)၊ ဘုရင့်နောင်လက်ထက်(ဒုတိယမြန်မာနိုင်ငံတော်)၊ အလောင်းဘုရားလက်ထက် (တတိယမြန်မာနိုင်ငံတော်)ရယ်လို့ နိုင်ငံတော်ကြီးတစ်ခုလုံးကို အခိုင်အမာ တည်ဆောက်ကာကွယ်နိုင်ခဲ့တာဟာ မြန်မာ့ရိုးရာသိုင်းပင်ဖြစ်သည်ကို အထင်အရှား တွေ့ရမှာဖြစ်တယ်။ မြန်မာအစ တကောင်းကဆိုသလို ဘီစီ ၈၀၅ ခုနှစ်ကတည်းက မြန်မာ့ရိုးရာသိုင်းပညာဟာ အမျိုးသားရေးကိုယ်လုံပညာ ကဏ္ဍအသွင်ဖြင့် ပါဝင်ခဲ့တာကို သမိုင်းမှတ်တမ်းတွေအရ သိရတယ်။ အရင့်အရင် ဘုရင်ခေတ်၊ ပဒေသရာဇ်ခေတ်စတဲ့ ခေတ်အဆက်ဆက်မှာ ရိုးရာ အမျိုးသားရေးသိုင်းအတတ်ပညာဟာ ခိုင်မာတဲ့ သေနင်္ဂဗျူဟာအဖြစ် ရပ်တည်ခဲ့တာဟာလည်း အထင်အရှားပဲ ဖြစ်ပါတယ်။ သို့မို့ကြောင့် မြန်မာ့ရိုးရာသိုင်းဟာ တစ်ခေတ်တစ်ခါက မြန်မာအမျိုးသားတို့ရဲ့ တန်ဖိုးမဖြတ်နိုင်ခဲ့တဲ့ ကိုယ်ခံပညာတစ်ရပ်ဟုဆိုရင် မှားမှာမဟုတ်ပါ။

## မြန်မာ့ရိုးရာသိုင်းပညာတစ်ခုဖြစ်သည့် ဗန်တိုကို နိုင်ငံတကာသို့ချပြနိုင်ရန် ဥပဒေပိုင်းဆိုင်ရာကအစ အဖွဲ့ချုပ်အနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ကာ နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ညွှန်ကြားချက်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် . . .

"ခေတ်ကာလအလျောက် တိမ်မြုပ်ပျောက်ကွယ်လုနီးနီးဖြစ်နေတဲ့ မြန်မာတို့ရဲ့ ရိုးရာသိုင်းကို ယနေ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က တိုင်းဒေသကြီးနဲ့ ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲကြီးကို ပြန်လည်အကောင်အထည်ဖော် အသက်သွင်းတော့မယ်ဆိုတာလည်း ကြားသိရပါတယ်။ အခုပြိုင်ပွဲကြီးဟာ မြန်မာ့သိုင်းလောကရဲ့ (၁၆)ကြိမ်မြောက်ကျင်းပတဲ့ ပြိုင်ပွဲကြီးဖြစ်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(စီ)မှာ အခုလ ၁၆ ရက်ကနေ ၂၁ ရက်အထိ ခြောက်ရက်တိုင်တိုင် ကျင်းပပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း မြန်မာ့ရိုးရာသိုင်းကို အမျိုးသမီး၊ အမျိုးသားဝါသနာရှင် မျိုးချစ်လူငယ်တွေအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးအစားတွေကတော့ ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားသိုင်းအတိုက်ပြိုင်ပွဲ၊ တစ်ကိုယ်တော်ပညာစဉ်ပြ ပြိုင်ပွဲနဲ့ အသင်းလိုက် အတိုက်ပြိုင်ပွဲဆိုပြီး ခေါင်းစဉ်ကြီးလေးမျိုး ထည့်သွင်းထားတာကို တွေ့ရပါတယ်။

ဗန်တိုအတိုက်ပြိုင်ပွဲမှာ ကီလိုဝိတ်တန်းအနေနဲ့ ခုနစ်မျိုး၊ ဓားသိုင်းအတိုက်ပြိုင်ပွဲမှာ ဓားတစ်လက်အတိုက်မှာ ကျား/မ နှစ်တန်း၊ ဓားနှစ်လက်အတိုက်မှာ ကျား/မ နှစ်တန်း၊ တစ်ကိုယ်တော်ပညာစဉ်ပြ ပြိုင်ပွဲမှာ တွဲဖက်နည်းပြအဆင့်၊ လက်ထောက်နည်းပြအဆင့်၊ ခွဲမှူးအဆင့်တို့ကို ထည့်သွင်းထားတာတွေ့ရပြီး နောက်ဆုံးအသင်းလိုက် အတိုက်ပြိုင်ပွဲမှာတော့ ဓားမြှောင်ဗန်တို၊ လက်နက်မဲ့၊ အမျိုးသမီး လက်နက်မဲ့၊ အမျိုးသား ဓားရှည်၊ တုတ်ရှည်၊ လက်နက်မဲ့ဝိုင်းထွက်၊ လက်နက်မဲ့၊ တုတ်ရှည်-၁၊ ဓားရှည်-၂၊ ဓားရှည် ဝိုင်းထွက်နဲ့ ကျားအချုပ်အဖြေတို့ကို ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်။

"ဒီနှစ်လုပ်မယ့်ပြိုင်ပွဲကတော့ အား/ကာက ဦးစီးပေးတာဖြစ်တယ်။ အား/ကာ အနေနဲ့ လုပ်ပေးတာတော့ ခုအကြိမ်ရောဆို ၁၆ ကြိမ်ရှိပြီ။ သိုင်းအဖွဲ့ချုပ်အနေနဲ့ကတော့ ဟိုအရင်ကတည်းက လုပ်လာတာဆိုတော့ ပြောရရင် အကြိမ် ၃၀ ကျော်ပြီ။ ဒီလို မြန်မာ့သိုင်းကို တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လွှမ်းခြုံအောင် ဖော်ထုတ်ပေးမှုဟာ မျိုးဆက်သစ်လူငယ်တွေ ပိုမိုသိရှိလာမှာ ဖြစ်တယ်။ ကျွန်တော်တို့ မြန်မာ့ရိုးရာသိုင်းဆိုတာကို တချို့ ပုဂံခေတ်က စပေါ်တာလို့ ထင်ကြတယ်။ အဲဒါ မဟုတ်ဘူးဗျ။ ပုဂံခေတ်မတိုင်မီကတည်းက ရှိခဲ့တာ။ သက်သေသာဓကတွေ အများကြီးရှိတယ်။ ပုဂံခေတ်ရောက်မှ မြန်မာ့ရိုးရာသိုင်းဆိုတဲ့ ဝေါဟာရလို့ အမည်တွင်ခဲ့တာ။ အဲဒါကလည်း ရှင်ပညာတိဿက သိုင်းဆိုတဲ့ဝေါဟာရကို မြန်မာစာပေနဲ့ ဖော်ထုတ်ခဲ့တာ။ အခုသိုင်းဆိုတာ မြန်မာ့စာ၊ မြန်မာ့စကား၊ မြန်မာ့အသံစစ်စစ်ဖြစ်တယ်။ အရင်နှစ်တွေကတော့ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ၁၀၀ ကျော် လာပြိုင်တယ်။ ဒီနှစ်တော့ နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်မှာဆိုတော့ ပြိုင်ပွဲဝင် အရင်ကထက် ပိုများလာနိုင်တယ်"ဟု မြန်မာ့ရိုးရာသိုင်းအဖွဲ့ချုပ်မှ ဦးအောင်ဌေးက ပြောသည်။

"မြန်မာ့ရိုးရာသမိုင်းရဲ့ အတိတ်ကိုပြန်ပြောင်းကြည့်ရင် ကမ္ဘာက ရိုးရာသိုင်းပညာနဲ့ မြန်မာကိုသိခဲ့တယ်လို့ ဆိုရမှာဖြစ်တယ်။ အထူးသဖြင့် ကမ္ဘာ့မှတ်တမ်းဝင် တိုက်ပွဲတွေဖြစ်တဲ့ ဝက်ထီးကန်တိုက်ပွဲ၊ နောင်ရိုးတိုက်ပွဲတွေဟာ ကမ္ဘာကမှတ်တမ်းတင်ခံခဲ့ရတဲ့ တိုက်ပွဲတွေဖြစ်တယ်။ ဒီတိုက်ပွဲတွေက မြန်မာနိုင်ငံရဲ့ဇာတိသွေး၊ ဇာတိမာန်ကိုပြခဲ့တဲ့ ရိုးရာသိုင်းအမွေအနှစ်ရဲ့အဖိုးမဖြတ်နိုင်တဲ့ အတိတ်က သမိုင်းတွေ။ ဒါပေမယ့် ဒီနေ့ပြန်ကြည့်ရင် မြန်မာလူငယ်တွေ မြန်မာ့ရိုးရာသိုင်းကို စိတ်ဝင်စားမှုနည်းလာကြတယ်။ ရိုးရာအမျိုးသားရေးလက္ခဏာအတတ်ပညာတစ်ခုရယ်လို့ မသိခဲ့၊ နားမလည်ခဲ့သလို တန်ဖိုးလည်း မထားတတ်တော့တာ တွေ့ရတယ်။ ဒါကြောင့် ရှေးခေတ် မျိုးချစ်မြန်မာပညာရှိတွေက ကိုလိုနီတွေရဲ့ မှိုင်းတိုက်နှိပ်ကွပ်ခဲ့တဲ့ မြန်မာတို့ရဲ့ရိုးရာအမွေအနှစ် သိုင်းပညာ မတိမ်ကောအောင် မျိုးမာန်၊ ဇာတိသွေးတို့နဲ့ အလင်္ကာ၊ ရတု၊ ရကန်၊ တျာချင်း၊ ကဗျာ စတာတွေနဲ့ ထည့်သွင်းဖော်ညွှန်းခဲ့တာ ယနေ့တိုင် အထင်အရှားရှိခဲ့တာဖြစ်ပါတယ်။

"မြန်မာ့အမျိုးသားရေးအမွေအနှစ် ရိုးရာသိုင်းပညာမှာ အင်္ဂါရပ်ငါးမျိုးပါရှိတာကို တွေ့ရတယ်။ အဲဒီအင်္ဂါရပ်ငါးမျိုးကတော့ လက်၊ တုတ်၊ ဓားတစ်လက်၊ ဓားနှစ်လက်နဲ့ လုံသိုင်းတို့ဖြစ်တယ်။ ဒါ့အပြင် နောက်ဆက်တွဲ ပညာရပ်ခြောက်ပိုင်းမှာ ဗန်တို၊ ဗန်ရှည်၊ လက်ဝှေ့၊ လက်ပွေ့၊ လက်ပန်းနဲ့ နပန်းစသည်ဖြင့် အပိုင်းခြောက်ပိုင်း ခွဲခြားထားတာကိုလည်း တွေ့ရမှာဖြစ်တယ်။

"မြန်မာတစ်ယောက်အနေနဲ့ ရိုးရာအမျိုးသားရေးအတတ်ပညာ အမွေအနှစ်ဖြစ်တဲ့ မြန်မာ့ရိုးရာသိုင်းပညာကို တတ်ထားသင့်တယ်။ ယနေ့ခေတ်လူငယ်တွေ မြန်မာ့သိုင်းဆိုတာကို မသိတာအများကြီးပဲ။ မြန်မာ့သိုင်းဆိုတာ ရှိလို့လားတောင် မေးကြတယ်။ ဒါကလည်း သူတို့ကို အပြစ်ပြောလိုတာမဟုတ်ပါဘူး။ ရိုးရာအမွေအနှစ် အမျိုးသားရေးအတတ်ပညာဖြစ်တဲ့ ဒီမြန်မာ့သိုင်းကို သက်ဆိုင်ရာ နိုင်ငံတော်အနေနဲ့ ဖော်ထုတ်ပေးရမယ်။ အားပေးရမယ်။ လမ်းပြရမယ်။ တချို့မိဘတွေက သိုင်းတတ်ရင် လူမိုက်ကြီးဖြစ်မယ်လို့ မြင်တယ်။ အဲဒါ ကိုလိုနီခေတ်အစိုးရရဲ့မှိုင်းတိုက်ပေးခဲ့မှုကြောင့်ပေါ့။ သူတို့ကို နှစ်ရှည်လများ တွန်းလှန်ခဲ့တာ၊ ဒုက္ခပေးခဲ့တာ ဒီမြန်မာ့ရိုးရာသိုင်းပညာပဲလေ။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဘိုး ဗိုလ်မင်းရောင်တို့၊ ဆရာစံတို့စတဲ့ မြန်မာ့လူစွမ်းကောင်းတွေက ဒီရိုးရာသိုင်းအတတ်ပညာဖြစ်တဲ့ တုတ်၊ ဓား၊ လုံစတာတွေနဲ့ တိုက်ခဲ့တော့ သူတို့ခေတ်မှာ သိုင်းမသင်ရ၊ ဓားမကိုင်ရစတဲ့ ဥပဒေတွေ ပြဋ္ဌာန်းခဲ့လို့ အခုလို အမျိုးသားရေးဖြစ်တဲ့ မြန်မာ့ရိုးရာသိုင်းပညာက မှေးမှိန်ခဲ့ရတာဖြစ်တယ်" ဟု ကိုလိုနီခေတ်ရဲ့မြန်မာ့ရိုးရာသိုင်းကို မှိုင်းတိုက်ခဲ့၊ နှိပ်ကွပ်ခဲ့မှုတွေကို ဦးအောင်ဌေးက ပြန်ပြောင်းပြောပြသည်။

ယခုအခါ နိုင်ငံတစ်ဝန်း မြန်မာ့ရိုးရာ အမျိုးသားရေးသိုင်းပညာကို တတ်ကျွမ်းသည့် ပညာရှင်ဆရာကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရိုးရာသိုင်းအဖွဲ့ချုပ်၏ ညွှန်ကြားမှုဖြင့် စည်းရုံး၊ ဖော်ထုတ်၊ လေ့ကျင့်၊ ပြန့်ပွားဆိုသည့် အချက်များဖြင့် ဖော်ထုတ်လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် မြန်မာ့ ရိုးရာသိုင်းပညာတစ်ခုဖြစ်သည့် ဗန်တိုကို နိုင်ငံတကာသို့ ချပြနိုင်ရန် ဥပဒေပိုင်းဆိုင်ရာကအစ အဖွဲ့ချုပ်အနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ကာ နိုင်ငံတော်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ညွှန်ကြားချက်ဖြင့် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် (၁၆)ကြိမ်မြောက် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများမှ ပြိုင်ပွဲဝင်မျိုးဆက်သစ်များ ပေါ်ထွန်းလာတော့မည်ဖြစ်၍ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာတို့၏ ရိုးရာသိုင်း တစ်ခေတ်ပြန်လည်ဆန်းသစ်လာတော့မည်လား စောင့်ကြည့်ရတော့မည် ဖြစ်ပါကြောင်း။ ။


မြန်မာ့ရိုးရာ
သိုင်းပြိုင်ပွဲ
ကျင်းပစဉ်

# ပြည်ထောင်စုပန်းဥယျာဉ်ကြီးထဲမှာ ငါတို့သည် မြန်မာ

**မြင့်စိုး (နတလ)**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်လေ့လာရေးခရီးစဉ် ရောက်ရှိလာကြသော တိုင်းရင်းသားသွေးချင်းများသည် မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်သည်။ တိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များအား ဇူလိုင် ၂၉ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၄၂)၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ၍ နှုတ်ဆက်အမှာစကားပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် တိုင်းရင်းသား လေ့လာရေးအဖွဲ့များကလည်း မိမိတို့ရိုးရာယဉ်ကျေးမှုအကများဖြင့် ပြန်လည်သီဆိုကပြ ဖျော်ဖြေခဲ့ကြရာ ကချင်ပြည်နယ် ပန်ဝါဒေသမှ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူလေးများ၏ မြူနှင်းများဖုံးလွှမ်းပြီး တောင်ဇလပ်ပန်းများနှင့် ရှုမငြီးဖွယ်ရာ သာယာလှပနေသော သူတို့ဌာနေ ပန်ဝါမြို့လေးဆီသို့ အလည်လာရောက်ရန် ဖိတ်ခေါ်ထားသည့် 'ချမ်းအေးလှတဲ့ ဒို့ဌာနေ' သီချင်းနှင့် အက၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ်နှင့် မံစီမြို့နယ်များမှ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူလေးများ၏ ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှုကိုမြှင့်တင်ရန် တိုက်တွန်းသီဆိုကပြခဲ့သော 'လှပဆန်းကြယ် ဒို့ရိုးရာ' သီချင်းနှင့် အက၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်နှင့် ဖားဆောင်းမြို့နယ်များမှ ကယားတိုင်းရင်းသား၊ တိုင်းရင်းသူလေးများ၏ ကယားပြည်နယ်၏အလှများနှင့် သူတို့၏လူငယ်သဘာဝကို ဖော်ကျူးထားသော 'ကန္တရဝတီမှဖားစည်သံ' သီချင်းနှင့်အက၊ မွန်ပြည်နယ် ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များမှ မွန်တိုင်းရင်းသား တိုင်းရင်းသူလေးများ၏ မွန်စာပေနှင့်ယဉ်ကျေးမှုကိုမြှင့်တင်ရန်၊ မိမိတို့၏ ဘာသာစကားနှင့် ဝတ်စားဆင်ယင်မှုကိုမြတ်နိုးရန် တိုက်တွန်းသီဆိုကပြခဲ့သော သီချင်းနှင့်အက၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များမှ ရခိုင်တိုင်းရင်းသားတိုင်းရင်းသူလေးများ၏ ဝတီလေးရပ်ဟု ထင်ရှားကျော်ကြားခဲ့သော၊ ဆန်ရေစပါးနှင့် သယံဇာတများ ကြွယ်ဝသော၊ သာသနာရောင်ဝါ ထွန်းလင်းလျက်ရှိသော မိမိတို့ရခိုင်ပြည်နယ်အကြောင်းကို သီကုံးထားသည့် 'ရိုးမရံစီ' သီချင်းနှင့်အက စသည်ဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြရာ ယနေ့တိုင် သူတို့၏ပုံရိပ်များက ထင်ဟပ်ရိုက်ခတ်ကျန်ရစ်နေဆဲဖြစ်သည်။

တစ်နည်းအားဖြင့်ပြောရလျှင် ရသမျှအချိန်လေးမှာ သူတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြစ်သည့် ဝတ်စားဆင်ယင်မှု၊ စာပေ၊ ဘာသာစကား၊ တိုင်းရင်းသားရိုးရာအကများ၊ ယုံကြည်ချက်၊ ခံယူချက်များစသည်တို့ကို တိုင်းရင်းသားအချင်းချင်း ဖလှယ်ခွင့်၊ လေ့လာခွင့် ရရှိသွားခြင်းပင်ဖြစ်သည်။ ယခု ဒုတိယအကြိမ် ရောက်ရှိလာသည့် ကချင်၊ ကယား၊ မွန်နှင့် ရခိုင် တိုင်းရင်းသားအဖွဲ့များက အကြံပြုလာသည်မှာ လေ့လာရမည့်နေရာဒေသများသို့ အတူသွားရောက် လေ့လာကြရုံသာမက ထပ်မံ၍ တစ်ရက်ခန့်အချိန်ပေးပြီး တိုင်းရင်းသားအချင်းချင်း တွေ့ဆုံနှီးနှောဖလှယ်ပွဲလေး ကျင်းပပေးရန်ပင်ဖြစ်သည်။ ကောင်းသော အကြံပြုချက်တစ်ခုဖြစ်၍ နောက်ထပ် တိုင်းရင်းသားလေ့လာရေးအဖွဲ့များ ရောက်ရှိလာချိန်တွင် စီစဉ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့သည်။

တွေ့ဆုံနှုတ်ဆက်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နိုင်ငံတော်မှ အလေးထားဆောင်ရွက်နေသော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "နောင်မျိုးဆက်သစ်များအတွက် ထားခဲ့ရမည့် အကောင်းဆုံးအမွေအနှစ်သည် ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုကို မရရှိနိုင်ပါကြောင်း၊ ထို့ပြင် စည်းလုံးညီညွတ်မှုရှိမှသာ ငြိမ်းချမ်းနိုင်မည်ဖြစ်သည့်အတွက် ညီညွတ်ရေးကိုအခြေခံသည့် ငြိမ်းချမ်းရေးကို ဖန်တီးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမှ တစ်ဆင့် မိမိတို့လိုလားသည့် ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မျိုးဆက်သစ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကောင်းမွန်သည့်အမွေနှင့်အတူ တာဝန်များကိုလည်း လက်ဆင့်ကမ်းပေးသွားရမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ကဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထဲထဲဝင်ဝင် လေ့လာသိရှိထားသင့်သည်မှာ အမှန်ပင်ဖြစ်၏။

ယနေ့အချိန်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို နိုင်ငံတော်၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူလူထုအားလုံးက ကြိုးစားဆောင်ရွက်ရင်း စစ်မှန်သော ဖက်ဒရယ်ကိုအခြေခံသည့် ဒီမိုကရေစီပြည်ထောင်စုတစ်ခု ထူထောင်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ ၂၁ ရာစုပင်လုံကို ဩဂုတ်လနောက်ဆုံးပတ်တွင် ကျင်းပပြုလုပ်တော့မည်ဖြစ်သည်။



ကချင်၊ ကယား၊ မွန်နှင့်ရခိုင် တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်ကျင်းပနေပုံများကို ကြည့်ရှုလေ့လာစဉ်

"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ လုပ်ငန်းများ အောင်မြင်စေရန် တပ်မတော်အနေဖြင့်လည်း အပြည့်အဝဆန္ဒရှိကြောင်း၊ လွတ်လပ်ခြင်း၊ မျှတခြင်းဆိုသည့် လောကပါလတရားနှင့်အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို လျှောက်လှမ်းကြရာတွင် တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုရှိရန်လိုကြောင်း၊ မိမိလိုချင်သည့် အကြောင်းအရာတစ်ခုအပေါ် တရားသေမရပ်တည်ဘဲ ပြည်ထောင်စုစိတ်ဓာတ်၊ တစ်နည်းအားဖြင့် မြန်မာစိတ်ဓာတ်ဖြင့် လုပ်ဆောင်သွားပါက မိမိတို့လျှောက်လှမ်းနေသည့် လမ်းကြောင်းတွင် အရှိန်အဟုန်မြန်ဆန်ပြီး အေးအေးချမ်းချမ်းနှင့် အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း" တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားခဲ့သည်။

'မြန်မာ' ဆိုသည့် စိတ်ဓာတ်နှင့်ပတ်သက်၍ တင်ပြလိုသည်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော မျိုးနွယ်စုအားလုံးသည် မြန်မာပဲ ဖြစ်ကြ၏။ ကချင်မျိုးနွယ်စု၌ ဂျိမ်းဖော၊ ရဝမ်၊ လီဆူ၊ အဇီး၊ လော်ဝေါ်၊ လာချိဒ် အစရှိသည်တို့ ပါဝင်နေသကဲ့သို့ မြန်မာပြည်၏ ပစ်ဂမီဟု လူသိများသော၊ အရေအတွက်အားဖြင့်လည်း လက်ချိုး၍ ရေတွက်နိုင်လောက်အောင်ပင် မကျန်တော့သော ထရုံ လူမျိုးသည်လည်း ကချင်မျိုးနွယ်စုတွင် ပါဝင်လျက်ရှိပြီး အားလုံးသည် မြန်မာပဲဖြစ်သည်။ ကယားလူမျိုးစုထဲတွင်လည်း ကယန်းလထ(ခ) ဇယိမ်း၊ ကယန်းပဒေါင်၊ ကယော၊ ဂေခို၊ ဂေဘား၊ မနုမနော၊ ကယန်းကငန် အစရှိသည်တို့သည် မြန်မာပဲ ဖြစ်ကြသည်။ ထို့အတူ ကရင်မျိုးနွယ်စုအားလုံးသည်လည်းကောင်း၊ ချင်းမျိုးနွယ်စု ၅၀ ကျော်တို့သည်လည်းကောင်း မြန်မာပဲဖြစ်ကြသည်။ ဗမာတိုင်းရင်းသားများဖြစ်ကြသော ထားဝယ်၊ မြိတ်၊ ယော၊ ရဘိန်း၊ ကဒူး၊ ကနန်း၊ ဆလုံ၊ ဖုန်(ဖွန်) အစရှိသည်တို့သည်လည်း မြန်မာများ ဖြစ်ကြသည်။ မွန်နှင့် ရခိုင်တိုင်းရင်းသား အားလုံးသည်လည်း မြန်မာပဲဖြစ်သည်။

မြန်မာဟူသည် တိုင်းရင်းသားအားလုံးကို အစဉ်အမြဲ ကိုယ်စားပြုလျက်ရှိသည်။ အနာဂတ်နိုင်ငံတော်အတွက် အရေးကြီးကိစ္စရပ်များကို ဆုံးဖြတ်ဆောင်ရွက်ရသည့် အခါတိုင်း မြန်မာဟူသောစိတ်ဓာတ်ဖြင့် ခံယူဆောင်ရွက်သွားနိုင်ကြဖို့ရာ အလွန်အရေးကြီးလှပေသည်။ လူဦးရေ သုံး၊ လေးယောက်သာကျန်တော့သည့် ထရုံတိုင်းရင်းသားများကလည်း သူတို့လူမျိုးစုသက်ဆိုင်သော အရေးကိစ္စအားလုံးကို အလွန်အလေးထားပေလိမ့်မည်။ ထိုနည်းတူစွာ တဖြည်းဖြည်း လူဦးရေနည်းပါးသွားသည့် ဖွန်လူမျိုးများကလည်း သူ့လူမျိုး၏ ကောင်းရာကောင်းကျိုးမှန်သမျှ စဉ်းစားဆောင်ရွက်ကြမည်သာဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း အရေအတွက်အားဖြင့် ၁၀၀ ကျော်ရှိနေသည့် လူမျိုးပေါင်းများစွာတို့သည် နေရာဒေသ၊ ဘာသာစကားနှင့် ယဉ်ကျေးမှု လေ့ထုံးစံများ မည်သို့ပင် ကွဲပြားနေစေကာမူ မိမိတို့အားလုံးသည် မြန်မာပဲဖြစ်သည်။ မြန်မာဟူသောစိတ်ဓာတ်ဖြင့်သာ အရာရာကို ဆုံးဖြတ်ကြရမည်ဖြစ်သည်။ မိမိတို့၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားအားလုံး အတူတကွ လက်တွဲနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုငယ်လေးများ ဖြစ်ကြသည်။ ပြည်ထောင်စုငယ်လေးများဖြင့် ပေါင်းစည်းဖြစ်တည်လျက်ရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း ပြည်ထောင်စုစိတ်ဓာတ် အမြဲထာဝရရှင်သန်နေရန် အရေးကြီးလှပေသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ တိုင်းရင်းသားလေ့လာရေးခရီးစဉ်များကလည်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးကို အစဉ်ဦးတည်လျက်ရှိသည်။ ဝန်ကြီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်နှင့် ဝန်ထမ်းများကလည်း လေ့လာရေးအဖွဲ့ဝင် တိုင်းရင်းသားသွေးချင်းများအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည်။ နေပြည်တော်ရှိ အမှတ်(၃) တည်းခိုရေးနှင့် စစ်ကြောရေးစခန်းမှ တပ်မှူးနှင့်အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များကလည်း တည်းခိုနေထိုင်ရေး စားသောက်ရေးကိစ္စများ အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီခဲ့ကြသည်။ လေ့လာရေးခရီးစဉ် အစမှအဆုံး အရေးပေါ်လူနာတင်ယာဉ်တစ်စီးနှင့် အနီးကပ်လိုက်ပါ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသော အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)မှ ဆေးကုသမှုပါရဂူ ဗိုလ်ကြီးဖြိုးမောက်အောင်၊ သူနာပြုအရာရှိ ဗိုလ်ကြီးမေသီဟန်၊ အကူသူနာပြု မသဲနှင်းဖွေးတို့ကိုလည်း တိုင်းရင်းသားအားလုံးက ကျေးဇူးတင်ခဲ့သည်။

